# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (13-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမ်မြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်အား ကြည့်ရှုလေ့လာစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်နှင့် ဘေရွန်ဘုရားကျောင်းတော်တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမ်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဆီရမ်ရိမ်မြို့ အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ

စာမျက်နှာ ၁၈ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

စာမျက်နှာ - ၁၉

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတို့မြှင့်တင် အင်္ဂမမြောက် သမိုင်းဝင်ခရီးစဉ်

ဆောင်းပါး စာမျက်နှာ - ၂၀


## ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ


နေပြည်တော် စက်တင်ဘာ ၁၂

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း

စာမျက်နှာ ၂၇ ကော်လံ ၄



နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း- အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်း- အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

ရတနာပုံ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်

အယ်ဒီတာ့အာဘော်

## ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးနှင့် သမိုင်းဝင်ပူးပေါင်းဆောင်ရွက်မှုများဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲမေတ္တာတရားနှင့် သံတမန်ဆက်ဆံရေးသမိုင်းကြောင်းတွင် အထူးအရေးပါသော မှတ်တိုင်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ နယ်နိမိတ်ချင်း တိုက်ရိုက်မထိစပ်ကြသော်လည်း ဗုဒ္ဓဘာသာကိုးကွယ်မှု၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ကိုလိုနီလက်အောက်ခံဘဝကို အတူတကွ ဖြတ်သန်းခဲ့ကြဖူးသည့် သမိုင်းပေးအတွေ့အကြုံများက နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေခဲ့သည်။

ဖနောင်ပင်မြို့တော်ရှိ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှသည် ညီညွတ်ရေးနန်းတော်ထိ ကမ္ဘောဒီးယားအစိုးရအဖွဲ့နှင့် ပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည့် မြင်ကွင်းများက နှစ်နိုင်ငံအကြား ခိုင်မာနက်ရှိုင်းသည့် မိတ်ဖက်ကောင်းပီသမှုကို ပေါ်လွင်စေသည်။ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်၏ကိုယ်စား ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်၊ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့နှင့် ကျင်းပခဲ့သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် ဆွေးနွေးနိုင်ခဲ့ကြသည်။

အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးဆိုင်ရာ သဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို ချုပ်ဆိုလဲလှယ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား လက်တွဲပူးပေါင်းမှုကို ဥပဒေကြောင်းအရ ပိုမိုခိုင်မာစေခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေမှုများကို နားလည်ထောက်ခံပေးခြင်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးတို့တွင် အတူတကွ လက်တွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြခြင်းသည် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားသော အထောက်အကူပင်ဖြစ်သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် တွေ့ဆုံဆွေးနွေးပွဲများတွင်လည်း ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ရန်၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ ဤလုပ်ဆောင်ချက်များသည် အစိုးရအဖွဲ့အဆင့်သာမက လွှတ်တော်အချင်းချင်းပါ ချိတ်ဆက်မိစေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ပြည်သူ့ကိုယ်စားလှယ်များ၏ ထပ်တူကျသော ရည်မှန်းချက်များကို ပိုမိုခိုင်မာစေခဲ့သည်။

အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်သမ္မတကြီး၏ ယခုကဲ့သို့သော အဆင့်မြင့်ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ၏ရှိရင်းစွဲ သံတမန်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းသော အခန်းကဏ္ဍသစ်ဆီသို့ မြှင့်တင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ဒေသတွင်း မဲခေါင်-လန်ချန်း၊ CLMV နှင့် ACMECS ကဲ့သို့သော မူဘောင်များမှတစ်ဆင့် အတူတကွ လက်တွဲလျှောက်လှမ်းနေကြသည့် ဤမိတ်ဖက်ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရုံသာမက အရှေ့တောင်အာရှဒေသ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုပါ အခိုင်အမာအုတ်မြစ်ချပေးနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့နယ် ဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ကျေးရွာအုပ်စု ဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၁၁၄၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၁၁၁၄၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဂျုံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၁၄၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၅၈၄၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၈၁၀၊ ပုလဲမြို့နယ်တွင် ဧက ၃၅၀ စုစုပေါင်း ၁၁၁၄၁ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဂျုံဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးတာတွေ လုပ်ပါမယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ စိုက်နည်းစနစ်မှန်ကန်ဖို့ အသိပညာပေးသွားပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ဂျုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

(၂၀၆)

## မြန်အောင်မြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တီလားဗီးယားငါးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ တီလားဗီးယားငါးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်က တီလားဗီးယားငါး အပါအဝင် ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ မြန်အောင်မြို့နယ်က တီလားဗီးယားငါးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ အခုလို တီလားဗီးယားငါးတွေ ဝယ်ယူမှု အားကောင်းလာတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်" ဟု မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးများနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါတီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# စဉ့်ကိုင်မြို့နယ် အခြေခံပညာကျောင်းသုံးကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို အာဟာရများကျွေးမွေး

**စဉ့်ကိုင် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ Yo Yo Chit (ရိုရိုချစ်) နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးနှင့် KT မွေးမြူရေးခြံလုပ်ငန်းတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား အာဟာရများ ကျွေးမွေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အ-မ-က (စွယ်စုံ)၊ အ-မ-က (ဥယျာဉ်ကြီး)နှင့် အ-လ-က (သင်တောင်း)တို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချမ်းမြေ့ကျော်က နွားနို့သောက်သုံးသော ကလေးငယ်များသည် ဉာဏ်ရည် ပိုမိုကောင်းမွန်ခြင်း၊ ကိုယ်ခန္ဓာအင်အားတောင့်တင်းပြီး ကိုယ်ခံအားကောင်းခြင်း၊ ကြီးထွားနှုန်းပိုမိုကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သောကြောင့် စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို နွားနို့အာဟာရများတိုက်ကျွေးမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချမ်းမြေ့ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များက အ-မ-က (စွယ်စုံ)မှ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး၊ အ-မ-က (ဥယျာဉ်ကြီး)မှ ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦးနှင့် အ-လ-က (သင်တောင်း)မှ ကျောင်းသား၊ ကျောင်းသူ ၇၂ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၃၆ ဦး တို့ကို နွားနို့အာဟာရများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# မိတ္ထီလာမြို့နယ် ဝါးရုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို စက်တင်ဘာ ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝါးရုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဝါးရုံကျေးရွာ၌ အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၄ ပေ သုံးလက်မ၊ အမြင့် မြေသားနှစ်ပေ ချင်းကျောက် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert နှစ်စင်း၊ အရှည် ၃၅ ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၈၉၇ သန်းဖြင့် ဌာနမှတာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ၌ ဆပ်ပြာပြုလုပ်နည်း သင်တန်းဆင်း

**အမရပူရ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမုတ်ဆိုးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဆုရရှိသည့် သင်တန်းသူများကို ဆုများချီးမြှင့်ပြီး သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာပြုလုပ်နည်းနှင့်ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စက်တင်ဘာ ၇ ရက် မှ ၁၁ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ညောင်တုန်းမြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ငါးမုတ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ငါးမုတ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါငါးမုတ်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိမှာ တစ်ရက်တာ ရောင်းအားအနေနဲ့ ငါးမုတ်ပိဿာချိန် ၅၀၀၀ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးမုတ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာသောကြောင့် ငါးမွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အောင်မြင်သည့်စီးပွားရေးသမားဖြစ်စေရန် တစ်သက်တာသင်ယူပါ

မျိုးသူ(ကုန်သွယ်မြှင့်)

အောင်မြင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် တစ်သက်တာသင်ယူသူတစ်ယောက်ဖြစ်ရန်လိုသည်။ တစ်သက်တာ သင်ယူသူဖြစ်ရန်မှာလည်း သိလိုစိတ်Curiosity နှင့် ကိုယ်တိုင်သင်ယူမှု Self-directed Learning ဖြစ်ရန်လိုအပ်သည်။ လူတစ်ဦးသည် သင်ယူမှုကို ရပ်တန့်လိုက်လျှင် မည်မျှအသက်ငယ်ရွယ်သည်ဖြစ်စေ အိုမင်းရင့်ရော်သွားပြီ ဟုဆိုနိုင်သည်။ ဆိုလိုသည်မှာ သင်ယူမှုသည် အစဉ်သစ်လွင်လတ်ဆတ်နေစေသည်ဟု ဆိုလိုရင်းဖြစ်သည်။ ယနေ့ခေတ်တွင် Life Long Learning ဟူသော တစ်သက်တာသင်ယူခြင်းသည် ရွေးချယ်နိုင်သည့် အရာတစ်ခု မဟုတ်တော့ဘဲ မရှိမဖြစ်လိုအပ်နေသည့် ကိစ္စတစ်ခုဖြစ်လာသည်။ စကားပုံတွင် "သမားဆိုအိုမှ"ဟုဆိုရိုးရှိသည်။ ထိုဆိုရိုးသည် ဆရာဝန်သမားတော်များသည် အသက်အရွယ်အိုမင်းလာမှသာ ရောဂါရှာဖွေရေး၊ ကုသရေး၊ အတွေ့အကြုံစုံလင်ပြီး ကုသမှုအဆင်ပြေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုစဉ်က ရောဂါရှာဖွေသည့် ဆေးဘက်ဆိုင်ရာကိရိယာများ နည်းပါးသေးသဖြင့် အတွေ့အကြုံကို အားကိုးနေရသည်မှာ မှန်ကန်သည်။ ယနေ့ခေတ်တွင်မူ Data Information စသည့် အချက်အလက်များကို အခြေခံ၍ ရောဂါကို တိကျမှန်ကန်အောင် ခန့်မှန်းရှာဖွေနိုင်ပြီဖြစ်၍ ယခင်ကကဲ့သို့ အတွေ့အကြုံများပေါ်တွင် အခြေခံရန်မလိုဘဲ ဒေတာပေါ်တွင်သာ အခြေခံရန်လိုအပ်လာသည်။ သို့သော်လည်း တိုးတက်လာသော ဒေတာများ၊ သတင်းအချက်အလက်များကို သိရန်၊ တတ်ရန်မှာ တစ်သက်တာသင်ယူမှု Life Long Learning ဖြစ်နေမှသာ ပြည့်စုံမည်ဖြစ်သည်။ ထို့အတူပင် စီးပွားရေးလောကတွင်လည်း သတင်းအချက်အလက် ဦးသူကနှာတဖျားသာပြီး အကျိုးအမြတ် ပိုရတတ်သည်။ ထို့ကြောင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ရန်အတွက် တစ်သက်တာသင်ယူမှုပြုနိုင်ရန် လိုအပ်လာသည်။ ထို့ပြင် လုပ်ငန်းတွင်းမှ ဝန်ထမ်းများနှင့် လုပ်သားများကိုလည်း တစ်သက်တာသင်ယူမှု သင်တန်းများ၊ လေ့ကျင့်မှုများပြုလုပ်ပေးရမည်ဖြစ်သည်။ အဆိုပါ တစ်သက်တာသင်ယူမှုအတွက် ကုန်ကျစရိတ်များ၊ အချိန်ပေးရမှုများသည် လုပ်ငန်းတိုးတက်ရေးအတွက် အနှောင့်အယှက်မဟုတ်ဘဲ ရင်းနှီးမြုပ်နှံမှုများသာ ဖြစ်ကြသည်။

**မိမိကိုယ်တိုင်မှစတင်ပါ**

လုပ်ငန်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်သက်တာ လေ့လာသင်ယူသူများမွေးမြူရန်မှာ မိမိကိုယ်တိုင်မှစတင်ရန်လိုအပ်သည်။ တစ်သက်တာလေ့လာသင်ယူသူအဖြစ် ခံယူနိုင်ရန်အတွက် မိမိကိုယ်ကို အသိပညာတွေ "ငါ့မှာအများကြီးရှိသည်၊ အရာရာကိုသိသည်၊ တတ်သည်"ဟု ခံယူသည်ထက် "ငါဟာ အမြဲတမ်း ဖွံ့ဖြိုးတိုးတက်နေဖို့ လမ်းရှာသူ၊ အသစ်အဆန်းများကို လက်ခံသင်ယူရန် အသင့်ရှိနေသူဖြစ်သည်"ဟူသော အတွေးအခေါ်နှင့် စရိုက်လက္ခဏာများကို စွဲမြဲနေရန်လိုအပ်သည်။ လုပ်ငန်းရှင်တစ်ဦးသည် မိမိလုပ်ငန်းတွင် မိမိသာ အတတ်ဆုံး၊ အသိဆုံးဟု သဘောထားတတ်သည်။ ထိုသို့သဘောထားရှိလျှင် သင်ယူသူမဖြစ်နိုင်တော့ပါ။ တစ်သက်တာသင်ယူသူ Life Long Learning ဖြစ်ရန်အတွက် ကိုယ့်စိတ်ကို သင်ယူသူအဖြစ်ခံယူထားရန်လိုအပ်သည်။ လုပ်ငန်းတိုင်းတွင် အသစ်အဆန်းများ၊ သင်ယူစရာများ အသစ်အသစ်ပေါ်ပေါက်နေမည်သာဖြစ်သည်။ လက်ရှိအလုပ်အကိုင်များတွင် လူငယ်များသည် အိုင်တီနည်းပညာနှင့်ပတ်သက်လျှင်လူကြီးများထက် သာလွန်သော အသိပညာရှိတတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် မိမိထက် အသက်၊ ရာထူးငယ်နိုင်၊ အတွေ့အကြုံနည်းနိုင်သော်လည်း သင်ယူစရာရှိပါက ဆရာအဖြစ် သဘောထားနိုင်ရန် လိုအပ်သည်။ တစ်သက်တာသင်ယူသူအနေဖြင့် စာအုပ်တစ်ရာဖတ်ပြီးသူဖြစ်ရေးထက် နေ့စဉ်စာမျက်နှာ ၅ မျက်နှာဖတ်ပြီးသူဖြစ်ရန်ဆိုသည့် အခြေအနေကို မွေးယူရမည်ဖြစ်သည်။ သို့မှသာ စိတ်ထဲထိ စွဲမြဲနေသော တစ်သက်တာသင်ယူသူ တစ်ယောက်ဖြစ်လာမည်။ လေ့လာသင်ယူခြင်းကို ဝန်ထုတ်ဝန်ပိုးတစ်ခုအဖြစ် ခံယူမထားဘဲ ထမင်းစားရေသောက်ကဲ့သို့ နေ့စဉ်

❖ လေ့လာသင်ယူသူတစ်ဦးသည် မသိသည်ကိုမသိဟု ဝန်ခံရဲသည့်စိတ်နှင့် အမှားများမှ ပြန်လည်သင်ယူလိုစိတ်ကို ပထမမွေးမြူရမည်။ လူ့သဘာဝတွင် အမှားများသည် မိမိကြောင့်၊ မိမိချစ်ခင်သူများကြောင့်ဖြစ်လျှင် အမှားကိုဝန်ခံလိုစိတ်နည်းသည်။ အခြားအချက်များကို အပြစ်တင်တတ်သည်။ ထိုအခါ အမှားမှ သင်ခန်းစာမရနိုင်ဘဲ အမှားများကိုသာ ဆက်လက်ကြုံတွေ့နေရတတ်သည်။ ထို့ပြင် တစ်သက်တာ သင်ယူသူဖြစ်ရန်မှာ အမှားမှရသော သင်ခန်းစာကို သင်ယူလေ့လာပြီး အမှန်ကိုရောက်အောင် ပြင်ဆင်ရန်လိုအပ်သည်။ နေ့စဉ်ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ခြင်း၊ သင်ယူစရာလေးတစ်ခုကို သင်ယူလိုက်ခြင်းသည်ပင် တစ်သက်တာသင်ယူခြင်း၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ထားရမည်ဖြစ်သည်။ ❖

ပြုလုပ်ရသည့် ဝတ္တရားတစ်ခု၊ လုပ်ရိုးလုပ်စဉ် အလေ့အထတစ်ခုဖြစ်လာရန် မိမိကိုယ်ကို ပြောင်းလဲနိုင်ရန်လိုအပ်သည်။ လေ့လာသင်ယူသူတစ်ဦးသည် မသိသည်ကိုမသိဟု ဝန်ခံရဲသည့်စိတ်နှင့် အမှားများမှ ပြန်လည်သင်ယူလိုစိတ်ကို ပထမမွေးမြူရမည်။ လူ့သဘာဝတွင် အမှားများသည် မိမိကြောင့်၊ မိမိချစ်ခင်သူများကြောင့်ဖြစ်လျှင် အမှားကို ဝန်ခံလိုစိတ်နည်းသည်။ အခြားအချက်များကို အပြစ်တင်တတ်သည်။ ထိုအခါ အမှားမှ သင်ခန်းစာမရနိုင်ဘဲ အမှားများကိုသာ ဆက်လက်ကြုံတွေ့နေရတတ်သည်။ ထို့ပြင် တစ်သက်တာ သင်ယူသူဖြစ်ရန်မှာ အမှားမှရသော သင်ခန်းစာကို သင်ယူလေ့လာပြီး အမှန်ကိုရောက်အောင် ပြင်ဆင်ရန်လိုအပ်သည်။ နေ့စဉ်ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ခြင်း၊ သင်ယူစရာလေးတစ်ခုကို သင်ယူလိုက်ခြင်းသည်ပင် တစ်သက်တာသင်ယူခြင်း၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ထားရမည်ဖြစ်သည်။

**လုပ်ငန်းခွင်အတွင်းဆောင်ရွက်သင့်သည်များ**

လက်ရှိခေတ်သည် အဆင့်မြင့်နည်းပညာများဖြင့်တည်ဆောက်နေသော ခေတ်ဖြစ်သည်။ AI၊ Automation၊ Data Analytics၊ E-commerce၊ Social Media စသည့် နည်းပညာများသည် လျှင်မြန်စွာ ပြောင်းလဲနေကြသည်။ ထိုသို့သော နည်းပညာများကို လုပ်ငန်းရှင်နှင့်ဝန်ထမ်းများ အဆက်မပြတ်လေ့လာမထားပါက နည်းပညာပိုင်းတွင်နောက်ကျပြီး ပြိုင်ဖက်များကို မမီဖြစ်လာနိုင်သည်။

ထို့ပြင် ဖောက်သည်များလိုအပ်ချက်နှင့်ဈေးကွက်ပြောင်းလဲမှုကို နားလည်ရန်အတွက်လည်း တစ်သက်တာ သင်ယူမှုကိုဆောင်ရွက်နေသင့်သည်။ ဖောက်သည်များ၏ လိုအပ်ချက်များသည် အစဉ်ပြောင်းလဲနေပြီး ခေတ်နှင့်အညီ လိုအင်ဆန္ဒနှင့်လိုအပ်ချက်များပြောင်းလဲနေသည်ကို လေ့လာနေရန်လိုအပ်သည်။ ပြိုင်ဖက်လုပ်ငန်းများ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဈေးနှုန်းများကိုလည်း အစဉ်လေ့လာနေရန်လိုအပ်သည်။ အဆက်မပြတ်သင်ယူခြင်းဖြင့် ဖောက်သည်ကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုကိုပေးနိုင်သည်။

လုပ်ငန်းအတွင်း ခေါင်းဆောင်များနှင့် မန်နေဂျာများသည်လည်း စီမံခန့်ခွဲမှုနည်းလမ်းများ၊ စိတ်ခံစားချက်နှင့်ဆိုင်သော ကျွမ်းကျင်မှုများ၊ မဟာဗျူဟာ၊ နည်းဗျူဟာ ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ်လေ့လာနေရန်လိုအပ်သည်။ ခေါင်းဆောင်ကိုယ်တိုင်သင်ယူနေခြင်းဖြင့် ဝန်ထမ်းများအတွက်လည်း တစ်သက်တာသင်ယူခြင်းအတွက် စံပြဖြစ်လာစေသည်။ ဝန်ထမ်းများကို အမှားမှရသော သင်ခန်းစာများကို ပြန်လည်သင်ယူခြင်း၊ ပြင်ဆင်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး အသိပညာမျှဝေခြင်း၊ လုပ်ငန်းနှင့်ပတ်သက်သည့် Feedback ပေးခြင်း၊ ဝန်ထမ်းတစ်ဦးနှင့် ဆက်ခံမည့်ဝန်ထမ်းတို့၏ လုပ်ငန်းကျွမ်းကျင်မှု ကွာဟချက်ကို လေ့လာသင်ယူစေခြင်း၊ သို့မှသာ ရှေ့မှဝန်ထမ်း အနားယူသည့်အချိန်တွင် သူ၏လုပ်ငန်းများကို ကောင်းစွာဆက်ခံနိုင်မည်ဖြစ်သည်။ နှစ်စဉ် သင်တန်းများ ပြုလုပ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များ ကျင်းပပေးခြင်းဖြင့် လေ့လာသင်ယူစေခြင်း၊ ကျွမ်းကျင်မှုများအတွက် ဆုပေးခြင်းများ ပြုလုပ်သင့်သည်။ သင်ယူမှုမှရသည့်ရလဒ်ကို ကုန်ထုတ်စွမ်းအားများ၊ ကုန်ပစ္စည်းအရည်အသွေးများ၊ ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်ခြင်းများဖြင့် တိုင်းတာနိုင်သည်။

စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ၏ မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အချိန်နှင့် တစ်ပြေးညီလေ့လာသင်ယူနေရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းနှင့်ပတ်သက်သည့် အခွန်အခကိစ္စများ၊ လုပ်ငန်းခွင်ဘေးကင်းရေး၊ မိမိလုပ်ငန်းနှင့်ဆိုင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် အရည်အသွေး စံချိန်စံညွှန်းများသည်လည်း လေ့လာသင်ယူနေရမည်ကိစ္စများဖြစ်ကြသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်များ၊ စီးပွားရေးမတည်ငြိမ်မှုများ၊ ကိုဗစ်-၁၉ ကဲ့သို့ ကပ်ရောဂါများစသည့် အချက်များသည်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ကြီးမားသော ရိုက်ခတ်မှုများဖြစ်စေသဖြင့် ဆက်စပ်သည့်လေ့လာမှုများကိုလုပ်ကိုင်နေရန်လိုအပ်သည်။

**အလေ့အထငယ်များကို ပြောင်းလဲပါ**

လုပ်ငန်းတွင်းရှိ အလေ့အထ ငယ်လေးများကို ပြောင်းလဲပေးခြင်းဖြင့် ရေရှည်တွင် ကြီးမားထူးခြားသော အောင်မြင်မှုများကို ရယူနိုင်သည်။ အလေ့အထတစ်ခုကို ပြုပြင်လိုက်ခြင်းဖြင့် ကြီးမားသော အကျိုးကျေးဇူးကိုရရှိစေသည်။ လုပ်ငန်းချိန်ပြီးလျှင် မီးနှင့်ပန်ကာ၊ အဲယားကွန်းများ ပိတ်ဖြစ်အောင် ပိတ်သည့်အလေ့အထကိုထားခြင်းဖြင့် လကုန်၊ နှစ်ကုန်လျှင် မီတာခကို များစွာလျှော့နည်းစေနိုင်သည်။ အလေအလွင့်များကို လျှော့ချနိုင်ခြင်းဖြင့် ကုန်ကျစရိတ်ကို များစွာသက်သာစေနိုင်သည်။ နေ့စဉ်ဘဝတွင် တစ်ရက်လျှင်တစ်ရာခိုင်နှုန်းသာ ပိုကောင်းအောင်လုပ်လျှင် တစ်နှစ်ပြည့်ပါက ၃၆၊ ၃၇ ဆ ပိုကောင်းအောင် လုပ်နိုင်သွားမည်ဖြစ်သည်။ ထို့ကြောင့် တစ်သက်တာသင်ယူသည့် အလေ့အထကောင်းတစ်ခုဖြစ်လာရန် ပြုပြင်ပြောင်းလဲခြင်းဖြင့် မိမိတို့လုပ်ငန်းတစ်ခုလုံးတွင် ကြီးမားသော အကျိုးကျေးဇူးများရရှိစေမည်။

**နည်းလမ်းလေးသွယ်ဖြင့် မွေးမြူပါ**

တစ်သက်တာသင်ယူခြင်း အလေ့အထအပြင်မည်သည့်အလေ့အထကောင်းကိုမဆို နည်းလမ်းလေးသွယ်ဖြင့် လုပ်ဆောင်သွားနိုင်သည်။ ပထမအချက်မှာ ထင်ရှားပေါ်လွင်အောင်လုပ်ပါ Make it Obvious ဖြစ်သည်။ မိမိလုပ်ချင်သည့်အလေ့အထကို ထင်ရှားအောင်လုပ်ထားရမည်ဖြစ်သည်။ ဥပမာအားဖြင့် နေ့စဉ်စာဖတ်ခြင်း အလေ့အထကိုမွေးမြူလိုပါက အချိန်နှင့်နေရာသတ်မှတ်ပြီး စာဖတ်ရမည်။ ဥပမာ- ညရှစ်နာရီ တွင် စာမျက်နှာ ၁၀မျက်နှာကို ညတိုင်းဖတ်မည်။ အခြားတစ်နည်းမှာ မိမိလုပ်နေကြ အလေ့အကျင့်တစ်ခုနှင့် အသစ်လုပ်လိုသော အလေ့အထတစ်ခုကို တွဲဖက်ပေးခြင်းမျိုးဖြစ်သည်။ ဥပမာ- မနက်အိပ်ရာထလျှင် ကော်ဖီသောက်တတ်ပါက ကော်ဖီသောက်ပြီးသည်နှင့် အလေ့အထအသစ်ဖြစ်သည့် ကျန်းမာရေးလေ့ကျင့်ခန်းကို ၁၀ မိနစ်လုပ်ခြင်းမျိုးဖြစ်သည်။ ဒုတိယအချက်မှာ ဆွဲဆောင်မှုရှိအောင် ဖန်တီးခြင်း Make it Attractive ဖြစ်သည်။ လူတို့၏ ဦးနှောက်သည် ပျော်ရွှင်မှုနှင့်ဆုလာဘ်ကို အမြဲရှာဖွေနေတတ်သည်ဟုဆိုသည်။ ထို့ကြောင့် မိမိတို့ပြုလုပ်လိုသော အလေ့အထကို ဆွဲဆောင်မှုရှိအောင်၊ လုပ်ချင်အောင် ဖန်တီးထားရန်လိုအပ်သည်။ ထို့ပြင် လုပ်ချင်သည်နှင့် လုပ်ကိုလုပ်ရမည့် အလေ့အထတို့ကို တွဲဖက်ပေးထားခြင်းဖြင့်လည်း ဆွဲဆောင်မှုရှိပြီး အလေ့အထသစ်ကို လုပ်ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ကြိုက်နှစ်သက်သော သီချင်းဖွင့်၍ စာရင်းဇယားများ စစ်ဆေးခြင်းမျိုးဖြစ်သည်။ တတိယအချက်မှာ လွယ်ကူရိုးရှင်းစေခြင်း Make it Easy ဖြစ်သည်။ လူတိုင်းသည် ပင်ပန်းခက်ခဲသည့်အရာမျိုးကို ရှောင်လိုကြသည်သာဖြစ်သည်။ ထို့ကြောင့် အလေ့အထသစ်များကို မွေးမြူရာတွင် ခက်ခဲသည့် အခြေအနေမျိုးမဖန်တီးဘဲ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ လုပ်ကိုင်နိုင်စေရန်ဖန်တီးပေးရမည်။ ဥပမာအားဖြင့် ဥပဒေစာအုပ်တစ်အုပ်ကို နှစ်ရက်အတွင်းအပြီးဖတ်မည်ဟု မစဉ်းစားဘဲ တစ်မျက်နှာနှစ်မျက်နှာလောက် ဖတ်မည်ဟုစဉ်းစားပြီး စတင်ရန်ဖြစ်သည်။ စတုတ္ထအချက်မှာ ကျေနပ်စရာဖြစ်အောင် ဆောင်ရွက်ခြင်း Make it Satisfying ဖြစ်သည်။

**စာမျက်နှာ ၅ သို့**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၀၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၀၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၀၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကုလားပဲ ဧက ၂၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ရှောင်လေအထူး လူကုန်ကူး

– ကမ္ဘာ့သမိုင်း ရှုတိုင်းတွေ့ရ
အနောက်ကမ္ဘာ တစ်နေရာတွင်
မှန်စွာဖြစ်ဖူး ဟီးဘရူးနှင့်
ကုန်ကူးအမှန် ဘာဘေးရီယန်များ
ခေတ်ထွန်းကားခဲ့။

– မနူးမနပ် ငွေပြတ်သူတို့
ဆင်းရဲချို့တဲ့ အရင်းမဲ့ကြောင့်
လှည့်စားခေါ်ဆောင် လူမှောင်ခိုနှင့်
တိုးမြင့်ဒုက္ခရောက်ကြရသည်
များစွာလူတို့ဆင်ခြင်ဘို့။

– တိုင်းတစ်ပါးတွင် ရောင်းစားခံရ
ဘဝလည်းပျက် စည်းစိမ်မက်တော့
တစ်သက်လုံးနော် ခေါင်းမဖော်ဘဲ
ဘဝလည်းပျက် ဖြစ်ရချက်ကြောင့်
တိုက်ဖျက်စေလို လူမှောင်ခိုများ
ထားလေ့သတိ အစဉ်ရှိစေ
ပေးမျှဝေသည်
ရှောင်လေအထူးလူကုန်ကူး။ ။

ဘိုမျိုး(ရွှေဘို)

## သဲကုန်းမြို့နယ် လိန်တန်း(ရွှေတံခါး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိန်တန်း(ရွှေတံခါး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထက်သူက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးရဲထက်သူက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လိန်တန်း(ရွှေတံခါး)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၁ သန်း စုစုပေါင်း အသင်း သား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထက်သူက ပြောပြ၍ သိရသည်။

**သန္တာ**

á **စာမျက်နှာ ၄ မှအဆက်**

အလေ့အထတစ်ခုကိုမွေးမြူရာတွင် အလေ့အထနှင့်ဆိုင်သည့်အချက်တစ်ခုကို ဆောင်ရွက်ပြီးသည့်အခါ တိုင်းတွင် စိတ်ကျေနပ်မှုရရှိစေရန် လိုအပ်သည်။ လူတို့၏ ဦးနှောက်သည် ချက်ချင်းအကျိုးအမြတ်ရှိသော အလုပ်ကိုသာ နောက်တစ်ကြိမ် ထပ်မံလုပ်ချင်ခြင်းကြောင့်ဟုဆိုသည်။ အလေ့အထကိုခြေရာခံသည့် နည်းလမ်းများကိုသုံး၍ နေ့စဉ်ပြီးမြောက်မှုများကို အမှတ်အသားပြုလုပ်ထားခြင်းဖြင့် အောင်မြင်မှုကိုခံစားနိုင်စေသည်။ စိတ်ကျေနပ်မှုကိုရစေသည်။ အထက်ပါနည်းလမ်းလေးသွယ်ဖြင့် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းအလေ့အထကို မွေးမြူနိုင်သည်။

**အလေ့အထ ဆိုးများကိုဖျောက်ဖျက်နည်း**

အထက်ပါနည်းလမ်းလေးသွယ်နှင့် ဆန့်ကျင်ဘက်များကို ပြောင်းပြန်သုံးခြင်းဖြင့်အလေ့အထဆိုးများကိုလည်း ဖျောက်ဖျက်နိုင်သည်။ စဉ်ဆက်မပြတ်သင်ယူမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဖုန်းကို မကြာခဏကြည့်ချင်စိတ်ကို ပပျောက်စေရန်အတွက် ဖုန်းကိုတခြားတစ်နေရာတွင် ထားခြင်းမျိုးဖြစ်သည်။ အလေ့အထဆိုးများကြောင့် မနှစ်သက်ဖွယ်ဆိုးကျိုးများကို ဆင်ခြင်စဉ်းစားခြင်းဖြင့်လည်း အလေ့အထဆိုးများကို ပယ်ရှားနိုင်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါသည်များ၊ ဝေဒနာခံစားရသည်များကိုကြည့်ခြင်း၊ ဆင်ခြင်ခြင်းဖြင့် ဆေးလိပ်သောက်သည့်အလေ့အထကို ဖျောက်ပစ်နိုင်သည်။ အခြားတစ်နည်းမှာ အလေ့အထဆိုးများကို မလုပ်ဖြစ်စေရန် လွယ်ကူသည့်နည်းများမဖြစ်စေဘဲ ခက်ခဲမှုများဖြစ်စေရန် ဖန်တီးထားရမည်။ နောက်ဆုံးနည်းလမ်းမှာ အလေ့အထဆိုးကိုလုပ်မိပါက မိမိကိုယ်ကို ဒဏ်ပေးခြင်းနှင့် မိမိနှင့်နီးစပ်သူများကို မိမိကိုသတိပေးရန် ပြောဆိုရန် ညှိနှိုင်းထားခြင်းမျိုးဖြစ်သည်။

တစ်သက်တာသင်ယူခြင်းဟူသောအချက်ကို အလေ့အထတစ်ခု၊ ယဉ်ကျေးမှုတစ်ခုအဖြစ် မိမိလုပ်ငန်းတွင် တည်ဆောက်နိုင်ပါက လုပ်ငန်းသည် တိုးတက်ကြီးပွားမည်မှာ သေချာသကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲမှုကိုလည်း ဖြစ်စေနိုင်သည်။ တစ်သက်တာ သင်ယူခြင်းကို လုပ်ကိုင်ခြင်းဖြင့် အသက်အရွယ်ကြီးမြင့်သည့်တိုင်အောင် နုပျိုသည့်စိတ်ဓာတ်နှင့်လုပ်ငန်းအပေါ် အထောက်အကူပြုမှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးသည် တစ်သက်တာသင်ယူသည့်အလေ့အကျင့်ကြောင့် အလုပ်ခွင်မှနားသည့်တိုင်၊ ဆက်လက်သင်ယူပြီး အခြားလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ မျိုးဆက်သစ်များအတွက် အတွေ့အကြုံကောင်းများကို မျှဝေနိုင်ခြင်းစသည့်အချက်များကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ တစ်သက်တာသင်ယူခြင်း အလေ့အထကောင်းကို မွေးမြူနိုင်သော လုပ်ငန်းတစ်ခုအနေဖြင့်လည်း ပြိုင်ဖက်များကို ကောင်းစွာယှဉ်ပြိုင်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲမှုကို ရစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– James Clear’s Atomic Habits

# အိန္ဒိယဝန်ကြီးချုပ်မိုဒီ နယူးဒေလီမြို့၌ ရုရှားသမ္မတ၊ အီရန်သမ္မတတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**ဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် စက်တင်ဘာ ၁၁ ရက်တွင် ရုရှားသမ္မတပူတင်၊ အီရန်သမ္မတ ပီဇက်ရှ်ကီအန်တို့နှင့် နယူးဒေလီမြို့၌ သီးခြားစီတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း RTသတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နယူးဒေလီမြို့၌ ဘရစ်အုပ်စု (BRICS) ထိပ်သီးညီလာခံ မကျင်းပမီ ရုရှားသမ္မတ၊ အီရန်သမ္မတတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။





ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ရုရှားနှင့် အိန္ဒိယနှစ်နိုင်ငံကြား နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ စွမ်းအင်ကဏ္ဍ၊ အခြားနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင်ရုရှားသမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် ဒေသတွင်းကိစ္စများ၊ နိုင်ငံတကာရေးရာများနှင့်ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် စက်တင်ဘာ ၁၁ ရက်က အီရန်သမ္မတနှင့် တွေ့ဆုံခဲ့ပြီး ပင်လယ်ကွေ့ဒေသ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကိစ္စများ၊ ရေကြောင်းသွားလာ လုံခြုံရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်သမ္မတ ရှီကျင့်ဖျင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိ





**ဒေလီ စက်တင်ဘာ ၁၂**

ဘရစ်အုပ်စု(BRICS) ထိပ်သီးညီလာခံ တက်ရောက်ရန်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယနေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိလာကြောင်း Xin-hua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံး အိန္ဒိယနိုင်ငံခရီးစဉ် ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် အိန္ဒိယတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်ဒေသ၌ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် တင်းမာခဲ့ရသော်လည်း ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးပြန်လည်နွေးထွေးလာခဲ့သည်။

နယူးဒေလီမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာသော တရုတ်သမ္မတ ရှီကျင့်ဖျင်ကို အိန္ဒိယအစိုးရက ကော်ဇောနီဖြင့်ကြိုဆိုခဲ့ပြီး အိန္ဒိယအမျိုးသမီးငယ်များကလည်း ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဘရစ်အုပ်စု အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက၊ အီဂျစ်၊ အီသီယိုးပီးယား၊ အင်ဒိုနီးရှား၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ယူအေအီးနိုင်ငံတို့ ပါဝင်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အရှေ့-အနောက် ရေနံပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းများပို့ဆောင်မှု ဆော်ဒီအာရေဗျနိုင်ငံ ယာယီရပ်ဆိုင်းထား

**ရီယာ့ဒ် စက်တင်ဘာ ၁၂**

အီရတ်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု လက်နက်ကိုင်အဖွဲ့များက မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့-အနောက် ရေနံပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းများပို့ဆောင်မှုကို ယနေ့တွင် ယာယီရပ်ဆိုင်းထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အရှေ့-အနောက် ရေနံပိုက်လိုင်းကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်မှုကို အီရတ်နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်နှင့် ဆော်ဒီအာရေဗျတာဝန်ရှိသူများက အတည်ပြုထားသည်။

အရှေ့-အနောက် ရေနံပိုက်လိုင်းသည် အာရေဗီယန်ကျွန်းဆွယ်ဒေသကို ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ကီလိုမီတာ ၁၂၀၀ (၇၄၅) မိုင်ရှိ ရေနံပိုက်လိုင်းဖြစ်သည်။

အရှေ့-အနောက် ရေနံပိုက်လိုင်းသည် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ရှောင်ကွင်း တည်ဆောက်ထားသော ရေနံပိုက်လိုင်းဖြစ်ရာ ဆော်ဒီအာရေဗျ ရေနံပို့ကုန်လုပ်ငန်းအတွက်အရေးကြီးသော ရေနံပိုက်လိုင်းဖြစ်သည်။

ပြီးခဲ့သည့် လများအတွင်း ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့-အနောက် ရေနံပိုက်လိုင်းများမှတစ်ဆင့် တစ်ရက်လျှင် ရေနံစည်ငါးသန်းထိ ပို့ဆောင်နိုင်ခဲ့သည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့က ပင်လယ်နီရေလမ်းကြောင်းများကို ထိန်းချုပ်မှုပိုမိုတင်းကြပ်ရန် ကြိုးပမ်းလာချိန်တွင် ဆော်ဒီအာရေဗျ၏ အရှေ့-အနောက် ရေနံပိုက်လိုင်း တိုက်ခိုက်ခံရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဖိလစ်ပိုင်ခရီးသည်တင် ကူးတို့သင်္ဘောမီးလောင်မှုကြောင့် သေဆုံးသူ ၃၅ ဦးထိ မြင့်တက်လာ

**မနီလာ စက်တင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်ကမ်းရိုးတန်း ကမ်းလွန်၌ ဖြစ်ပွားခဲ့သော ခရီးသည်တင် ကူးတို့သင်္ဘော မီးလောင်မှုကြောင့် သေဆုံးသူ ၃၅ ဦးထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမ်ဗွီဂွျန်အက်စတား ခရီးသည်တင် ကူးတို့သင်္ဘောသည် စက်တင်ဘာ ၉ရက်တွင် ပါလာဝန်ကျွန်းကမ်းရိုးတန်းနှင့် မိုင်အနည်းငယ်အကွာတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

အမ်ဗွီဂွျန်အက်စတား ခရီးသည်တင် ကူးတို့သင်္ဘော မီးလောင်မှုကြောင့် စက်တင်ဘာ ၁၁ ရက်တွင် သေဆုံးသူ ၃၅ ဦးထိ ရှိလာပြီဖြစ်ကြောင်းသိရသည်။

ဖိလစ်ပိုင် ရှာဖွေကယ်ဆယ်ရေးသမားများအနေဖြင့် စက်တင်ဘာ ၁၁ ရက်က အမ်ဗွီဂွျန်အက်စတား သင်္ဘောပေါ်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင် ကယ်ဆယ်ရေးသမားများသည် စက်တင်ဘာ ၁၀ ရက်တွင် အမ်ဗွီဂွျန်အက်စတား ခရီးသည်တင် ကူးတို့သင်္ဘောပေါ်သို့ တက်ရောက်၍ သင်္ဘောအတွင်း ပိတ်မိနေသူများကို ရှာဖွေရန် ကြိုးပမ်းခဲ့သော်လည်း အပူချိန်နှင့် မီးခိုးငွေ့များကြောင့် အခက်အခဲများ ကြုံခဲ့ရသည်။

လက်ရှိတွင် အမ်ဗွီဂွျန်အက်စတားခရီးသည်တင် ကူးတို့သင်္ဘောမီးလောင်မှု အတွင်း ၅၄ ဦးပျောက်ဆုံးနေဆဲ ဖြစ်သည်။

အမ်ဗွီဂွျန်အက်စတား ခရီးသည်တင် ကူးတို့သင်္ဘောပေါ်တွင် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်း ၁၃၄ ဦး လိုက်ပါလာကြောင်း သိရသည်။

Ref : RT

Trs : KKO

# တာတိုပစ်ဒုံးကျည်များ မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်



**ဆိုးလ် စက်တင်ဘာ ၁၂**

မြောက်ကိုရီးယား နိုင်ငံသည် ဝန်ဆန်ဒေသမှတစ်ဆင့် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ တာတိုပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ တာတိုပစ်ဘလစ်စတစ်ဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၂၀၀ (၁၅၅ )မိုင်ထိ ပျံသန်းခဲ့ပြီးနောက် ပင်လယ်ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံ၏ တာတိုပစ် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများနှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က အသေးစိတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။


မြောက်ကိုရီးယား နိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးက အရေးပေါ်လုံခြုံရေး ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏ စစ်ရေးလှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေပြီး ကျူးကျော်မှုမှန်သမျှကို တုံ့ပြန်ရေးအတွက် စစ်ရေးအရ အသင့်အနေအထား ပြင်ဆင်ထားမှုကို ဆက်လက်ထိန်းသိမ်းထားသည်ဟု တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# သီးခြားစီပေါ်ထွက်လာသည့်ကြယ်နှစ်စင်းကို နှစ်စင်းတွဲကြယ်စနစ်တစ်ခုအဖြစ် ပေါင်းစည်းမှုဖြစ်စဉ် နက္ခတ္တရူပသိပ္ပံပညာရှင်များ လေ့လာစောင့်ကြည့်နိုင်ခဲ့




ပေကျင်း စက်တင်ဘာ ၁၂

သီးခြားစီပေါ်ထွက်လာသည့် ကြယ်နှစ်စင်းကို နှစ်စင်းတွဲ ကြယ်စနစ်တစ်ခုအဖြစ် ပေါင်း စည်းမှုဖြစ်စဉ်ကို နက္ခတ္တရူပသိပ္ပံ ပညာရှင်များက လေ့လာစောင့် ကြည့်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ အဆိုပါကြယ်နှစ်စင်းသည် တစ်ခုတည်းသော ကြယ်ဖွဲ့တိမ် တိုက်မှပေါ်ထွက်လာသည့် ကြယ် များမဟုတ်ဘဲ သီးခြားစီပေါ်ထွက် လာသည့် ကြယ်များဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

သာမန်အားဖြင့် နှစ်စင်းတွဲ ကြယ်စနစ်များတွင် ပါဝင်သော ကြယ်များသည် ကြယ်ဖွဲ့တိမ် တိုက်တစ်ခုတည်းမှ ပေါ်ထွက် လာသည့် ကြယ်များဖြစ်သည်။

သို့ရာတွင် မိမိတို့လေ့လာတွေ့ ရှိခဲ့ရသော IRAS-07299-1651 အမည်ရှိ နှစ်စင်းတွဲကြယ်စနစ် အတွင်းရှိ ကြယ်နှစ်စင်းမှာ သီးခြား ကြယ်ဖွဲ့တိမ်တိုက်များမှ ပေါ်ထွက်လာသည့် ကြယ်များဖြစ် ကြောင်းတရုတ်သိပ္ပံပညာရှင်များ က ပြောကြားသည်။

IRAS-07299-1651 နှစ်စင်းတွဲ ကြယ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၅၃၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်ကျ ဆေးများနှင့် ဆီးချိုရောဂါဆေးများက အဆုတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်

လန်ဒန် စက်တင်ဘာ ၁၂

GLP-1 အုပ်စုဝင် ကိုယ်အလေး ချိန်ကျဆေးများနှင့် ဆီးချိုရောဂါ ဆေးများသည် အဆုတ်ကျန်းမာ ရေးကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆို ကို ကိုးကား၍ စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့် ကောလိပ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများသည် ပန်းနာရင်ကျပ်ရောဂါ ဖောက်မှု အကြိမ်ရေကို ၄၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင် များသည် ကိုယ်အလေးချိန်လျှော့ ချရေးနှင့် ဆီးချိုရောဂါများအတွက် GLP-1 အုပ်စုဝင်ဆေးများသုံးစွဲနေ သည့် ပန်းနာရင်ကျပ်လူနာများနှင့် အခြားဆေးဝါးများသုံးစွဲနေသော ပန်းနာရင်ကျပ်ရောဂါလူနာများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှာပေါ်ထွက်လာ သည့်ရလဒ်များအရ GLP-1 အုပ်စု ဝင်ဆေးများ သုံးစွဲနေကြရသည့် ပန်းနာရင်ကျပ် လူနာများသည် အခြားဆေးဝါးများသုံးစွဲသူ လူနာ များထက် ပန်းနာရင်ကျပ်ရောဂါ ဖောက်မှု အကြိမ်ရေ ၄၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

GLP-1 အုပ်စုဝင်ထိုးဆေးများ တွင်ပါဝင်သော Semaglutide ဓာတုဒြပ်ပေါင်းသည် အဆုတ် ကျန်းမာရေးကို မြှင့်တင်ပေးနိုင် ဖွယ်ရှိကြောင်း သုတေသနပညာ ရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

# တရုတ်နိုင်ငံ၏ FAST ရေဒီယိုတယ်လီစကုပ်က စကြဝဠာအတွင်းရှိ လျှပ်စစ်ဓာတ်မဲ့ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အရင်းအမြစ် ၁၅၆၃၁ ခုကိုတွေ့ရှိထား

ပေကျင်း စက်တင်ဘာ ၁၂

တရုတ်နိုင်ငံ၏ FAST ရေဒီယို တယ်လီစကုပ်သည် စကြဝဠာ အတွင်းရှိ လျှပ်စစ်ဓာတ်မဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ အရင်း အမြစ် ၁၅၆၃၁ ခုကို တွေ့ရှိ ထားကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အဆိုပါလျှပ်စစ်ဓာတ်မဲ့ဟိုက် ဒရိုဂျင်ဓာတ်ငွေ့အရင်းအမြစ်များ သည် ကြယ်စုဖွဲ့စည်းတည်ဆောက် ပုံဆိုင်ရာကဲပြောင်းလဲမှုနှင့် မဟူရာ ဒြပ်ဝင်(Dark Matter) ပျံ့နှံ့တည် ရှိမှုများကို လေ့လာရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ် ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်မဲ့ဟိုက်ဒရိုဂျင် ဓာတ်ငွေ့အက်တမ်များသည် စကြ ဝဠာအတွင်း အပေါများဆုံးဓာတ် ငွေ့အက်တမ်များဖြစ်ကြသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ လျှပ်စစ်ဓာတ်မဲ့ ဟိုက်ဒရိုဂျင်ဓာတ် ငွေ့အက်တမ်များသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွား ခဲ့ပြီးနောက် ပရိုတွန်နှင့် အီလက် ထရွန်အက်တမ်များ ပေါင်းစပ်နိုင် လောက်အောင် အေးမြလာချိန် လွန်ခဲ့သည့် နှစ်ပေါင်း ၁၃ ဒသမ ၈ ဘီလီယံခန့်ကပင် ပေါ်ထွက်လာ ခြင်းဖြစ်ကြောင်း သိရသည်။



လျှပ်စစ်ဓာတ်မဲ့ဟိုက်ဒရိုဂျင် အက်တမ်များသည် ကြယ်များနှင့် စကြဝဠာများဖွဲ့စည်းဖြစ်ပေါ်ရေး အတွက် လိုအပ်သည့် အဓိကကုန် ကြမ်းပစ္စည်းများ ဖြစ်ကြကြောင်း သိရသည်။

လျှပ်စစ်ဓာတ်မဲ့ဟိုက်ဒရိုဂျင် အက်တမ်များသည် အလွန်တရာ ဖျော့တော့သည့် ရေဒီယိုလှိုင်းများ ကိုသာ ထုတ်လွှတ်ပေးတတ်သော် လည်း အာရုံခံနိုင်စွမ်းအလွန်တရာ မြင့်မားသည့် FAST ရေဒီယိုတယ် လီစကုပ်ကမူ အဆိုပါရေဒီယိုလှိုင်း များကို ဖမ်းယူထောက်လှမ်းခြင်း ဖြင့် ဟိုက်ဒရိုဂျင်အရင်းအမြစ် များကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# အစာအိမ်တွင်တွေ့ရသော ဘက်တီးရီးယားတစ်မျိုးက အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မားစေကြောင်း သုတေသနပညာရှင်များ ပြောကြား

ဟောင်ကောင် စက်တင်ဘာ ၁၂

အစာအိမ်တွင် တွေ့ရသော ဘက်တီးရီးယား တစ်မျိုးသည် အူမကြီးကင်ဆာရောဂါဖြစ်ပွားမှု နှုန်းမြင့်မားစေကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော် ပြထားသည်။


တရုတ်နိုင်ငံ ဟောင်ကောင် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ Helicobacter Pylori(H.Pylori) ခေါ် အဆိုပါဘက်တီးရီးယားသည် အူမကြီးကင်ဆာရောဂါ ဖြစ်ပွား နှုန်းမြင့်မားလာမှုနှင့် ဆက်စပ်နေ နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် ရ H.Pylori ဘက်တီးရီးယားသည် အူမကြီးကင်ဆာဖြစ်စဉ် ငါးခုလျှင် တစ်ခုနှင့် ဆက်စပ်နေနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များ က ပြောကြားသည်။

H.Pylori ဘက်တီးရီးယား သည် လူသား ၄၀ ရာခိုင်နှုန်းတို့၏ အစာအိမ်ထဲတွင် ရှိနေတတ်သည့် ဘက်တီးရီးယားတစ်မျိုးဖြစ်သည်။

သို့ရာတွင် တရုတ်သုတေသန ပညာရှင်များ၏အဆိုအရ သန့်ရှင်း မှုမရှိသည့် အစားအစာများမှတစ် ဆင့် H.Pylori ဘက်တီးရီးယားနှင့် ထိတွေ့ခဲ့သူများ၌ အူမကြီး ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Xinhua News
Trs : KKO



# ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်နှင့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်တို့က နက်ပကျွန်းဂြိုဟ်နေပတ်လမ်းအလွန်ရှိ ရေခဲဂြိုဟ်သိမ် ၂၇ စင်းကို ရှာဖွေတွေ့ရှိ

ဝါရှင်တန် စက်တင်ဘာ ၁၂

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့် ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက် ဘယ်အာကာသရေဒီယိုတယ်လီ စကုပ်နှင့် ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယို တယ်လီစကုပ်တို့သည် နက်ပကျွန်းဂြိုဟ် နေပတ်လမ်း အလွန်ရှိ ရေခဲဂြိုဟ်သိမ် ၂၇ စင်းတို့ ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စက် တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နက်ပကျွန်းဂြိုဟ်နေပတ်လမ်း အလွန်ရှိ အာကာသဒြပ်ထုများ (TNO) များသည် နေအဖွဲ့အစည်း အနားစွန်း၌ တိုက်ရိုက်ထောက် လှမ်းတွေ့ရှိနိုင်သမျှ အအေးငယ် ဆုံးနှင့် အလင်းအားအနည်းဆုံး အာကာသ ဒြပ်ထုများဖြစ် ကြောင်း သိရသည်။

သို့ရာတွင် ဟက်ဘယ်အာကာ သရေဒီယိုတယ်လီစကုပ်နှင့်ဂျိမ်းစ် ဝက်ဘ်အာကာသရေဒီယိုတယ်လီ စကုပ်တို့အနေဖြင့် နက်ပကျွန်း ဂြိုဟ်အလွန်ရှိ TNO ရေခဲဂြိုဟ်သိမ် ၂၇ စင်းကို ရှာဖွေတွေ့ရှိခဲ့ ကြောင်း နာဆာသိပ္ပံပညာရှင်များ က ပြောကြားသည်။

TNO အာကာသဒြပ်ထုများ သည် နက်ပကျွန်းဂြိုဟ်၏ နေပတ် လမ်းအလွန်၌ နေရာယူ၍ နေကို လှည့်ပတ်နေသော ရေခဲဂြိုဟ်သိမ် များဖြစ်ကြသည်။

TNO အာကာသဒြပ်ထု အများစုသည် မယုံကြည်နိုင် လောက်အောင် အလင်းအား မှေးမှိန်ပြီး ကမ္ဘာမြေပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည့် အာကာသဒြပ်ထုများထက် အဆ ပေါင်း သန်း ၁၀၀ ကျော် အလင်း အား ပိုနည်းပါးကြောင်း သိပ္ပံ ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ ချန်ပီယံဆုကို အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်တို့ကို ယနေ့တွင် ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပခဲ့ရာ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်းသိရသည်။




အဆိုပါပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ယနေ့နံနက် ၁၀ နာရီက ပြည်တွင်းကလပ် အသင်းများဖြစ်သည့် YRG FC အသင်းနှင့် YCDC Dream အသင်းတို့ကစားခဲ့ရာ YCDC Dream အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲစဉ်အဖြစ် မွန်းလွဲ ၂ နာရီက ပြည်တွင်းကလပ် MIU FC အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းတို့ကစားခဲ့ရာ Black Steel Papua အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ပြိုင်ပွဲ၏ တတိယဆုရရှိခဲ့သော YCDC Dream အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဆုရရှိခဲ့သော MIU FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၀၀ ကို ချီးမြှင့်ခဲ့ပြီး ချန်ပီယံဆုရရှိခဲ့သော Black Steel Papua FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဇော်လင်းထွေးက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၅၀၀ ကို ချီးမြှင့်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ချန်ပီယံဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

STA

# ONE Friday Fights ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက်က စပိန်ဖိုက်တာ ဂွန်ဇာလက်ကို အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၁၁ ရက် ညပိုင်းက ကျင်းပခဲ့သည့် ONE Friday Fights ပြိုင်ပွဲတွင် မွေထိုင်းဖလိုင်းဝိတ်တန်းပွဲစဉ်အဖြစ် မြန်မာဖိုက်တာ သွေးလင်းထက်က စပိန်ဖိုက်တာ ဂွန်ဇာလက်နှင့် ထိုးသတ်ခဲ့ရာ အနိုင်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် ပထမအချီ၌ နှစ်ဦးလုံး ကွာခြားမှုမရှိခဲ့ဘဲ ထိုးသတ်ခဲ့ကာ ဒုတိယအချီတွင် သွေးလင်းထက်က စတင်ဖိအားပေးပြီး ထိရောက်သည့်လက်သီးချက်၊ တံတောင်ချက်များကြောင့် ဂွန်ဇာလက်အနေဖြင့် ခက်ခက်ခဲခဲ တုံ့ပြန်ထိုးသတ်ခဲ့ရသည်။

ထို့နောက် နောက်ဆုံးအချီဖြစ်သည့် တတိယအချီတွင် သွေးလင်းထက်က ပွဲကိုပြန်လည်ထိန်းချုပ်ထိုးသတ်ခဲ့ပြီး အလဲထိုးနိုင်ခြင်း မရှိသည့်အတွက် ဒိုင်အမှတ်ဖြင့် ဆုံးဖြတ်ခဲ့ပြီးနောက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ONE Friday Fights ပြိုင်ပွဲများတွင် ၁၃ ပွဲထိုးသတ်ခဲ့ပြီး ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ဂွန်ဇာလက်အနေဖြင့် ၁၄ပွဲမြောက်တွင်သွေးလင်းထက်ကို ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် သွေးလင်းထက်အနေဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ONE Friday Fights ပြိုင်ပွဲတွင် သုံးပွဲဆက်ရှုံးနိမ့်မှုကို ရပ်တန့်နိုင်ခဲ့ကြောင်းသိရသည်။

STA



# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ISPE အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPEအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၄ နာရီက ဗဟန်းအားကစားကွင်းတွင် ISPE အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် ၇၄ မိနစ်တို့တွင် စံပြမြီးချမ်းဦး၊ ပွဲချိန် ၃၁ မိနစ်တွင် ကောင်းခန့်အောင်၊ ပွဲချိန် ၄၃ မိနစ်တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၆၁ မိနစ်တွင် ချစ်ဝိုင်းခန့်တို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက YUSC အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီ အသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ကစားခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ချင်းလန်းအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် လွမ်းယာဂျင်၊ ပွဲချိန် ၁၆မိနစ်တွင် အောင်မင်းခန့်တို့ သွင်းယူခဲ့ပြီး မြဝတီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄) နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီး အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)အပြီး ပီအက်စ်ဂျီအသင်း ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

ပဲရစ် စက်တင်ဘာ ၁၂

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)အပြီးတွင် ပီအက်စ်ဂျီအသင်းက ဂိုးကွာခြားချက်အသာ ရမှတ်သုံးမှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ စတင်ဦးဆောင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ပီအက်စ်ဂျီအသင်းသည် ဆလိုဗန်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရပြီးနောက် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ရောက် ကစားခွင့်ရရှိခဲ့သည့် ကိုမိုအသင်းသည်လည်း စွမ်းဆောင်ရည်ကောင်းများပြသခဲ့ပြီး လိုက်ပ်ဇစ်အသင်းကို အိမ်ကွင်း၌ လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရကာ ပထမဆုံး ဥရောပအဆင့်ပွဲစဉ်တွင် နိုင်ပွဲရယူနိုင်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ဥရောပထိပ်တန်းကလပ်အသင်းအများစု နိုင်ပွဲများရရှိခဲ့ပြီး ထိပ်ဆုံး ၁၀ သင်း စာရင်း၌ ပီအက်စ်ဂျီအသင်းနောက်တွင် ဂိုးကွာခြားချက်ဖြင့် ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာအသင်း၊ မန်ယူအသင်း၊ ကိုမိုအသင်း၊ စပို့တင်းလစ္စဘွန်း အသင်း၊ စတုဂတ်အသင်း၊ မန်စီးတီး အသင်း၊ အေဗီလာအသင်း၊ လန်းစ်အသင်းတို့က အစဉ်အလိုက်ရပ်တည်နေသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)ပွဲစဉ်များကို လာမည့်အောက်တိုဘာ ၁၃ ရက်တွင် ပြန်လည်ကစားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်း ထိပ်ဆုံးမှရေပန်းစားနေ

ဘာလင် စက်တင်ဘာ ၁၂

၂၀၂၆ ခုနှစ်ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ပထမအဆင့် ဆန်ခါတင်ဦးရေ ၃၀စာရင်းထုတ်ပြန်ခဲ့ပြီးနောက် အဆိုပါဆုဆွတ်ခူးနိုင်ရန် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို သွင်းဂိုးအရေအတွက်ဖြင့်ဆုံးဖြတ်ပေးအပ်ခြင်း မဟုတ်ဘဲ သွင်းဂိုးအရေအတွက်အပြင် တစ်ကိုယ်တော် ခြေစွမ်းပြသနိုင်မှု၊ အသင်းလိုက် အောင်မြင်မှု၊



အဝါကတ်ပြသမှု အကြိမ်ရေ အနည်းဆုံးအစရှိသည့် အချက်များအပေါ် အခြေခံတွက်ချက်ပေးအပ်ခြင်းဖြစ်သည်။

အသက် ၃၃ နှစ်ရှိ ဟယ်ရီကိန်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ ပြိုင်ပွဲစုံ ၅၆ ပွဲတွင်သွင်းဂိုး ၆၄ ဂိုးသွင်းယူခဲ့ပြီး ဥရောပသွင်းဂိုးအများဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့သည့်အပြင် ဂျာမန်ဘွန်ဒက်လီဂါဖလား၊ ဂျာမန်စူပါဖလား၊ ဂျာမန်ပိုကယ်ဖလားအစရှိသည့် ဆုဖလားများ ဆွတ်ခူးခဲ့သူဖြစ်သည်။

အလားတူ ဟယ်ရီကိန်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်း တတိယဆုဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်ကြောင်းသိရသည်။

Ref : B/R Football
Trs : STA

# အိန္ဒိယနိုင်ငံ မယ်လ်ဒါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ မယ်လ်ဒါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အိန္ဒိယ အရေးပေါ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် မယ်လ်ဒါခရိုင် ဘက်နီဒေသတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ၇၂ နာရီအတွင်း လူနှစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ထပ်မံ၍ မြင့်တက်မလာစေရေးအတွက် ကယ်ဆယ်ရေး ဝန်ထမ်းများက ကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းအပြည့်အစုံဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မယ်လ်ဒါခရိုင်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီး ရေလျှံမှုကြောင့် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ နှစ်ဦး ရှိခဲ့ပါတယ်။ သေဆုံးသူတွေနဲ့ ပတ်သက်ပြီး မိသားစုဝင်တွေကိုလဲ အသိပေးထားပြီးဖြစ်ပါတယ်။ ရေဘေးဒဏ်သင့် ပြည်သူတွေကိုတော့ မိသားစုတစ်စုကို ရူပီး ၁၀ သိန်း ပံ့ပိုးပေးသွားမှာဖြစ်ပြီးတော့ ကယ်ဆယ်ရေးစခန်းက ဒေသခံတွေကိုလဲ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကင်ညာနိုင်ငံက အယ်နီညိုရာသီဥတုဖြစ်ပေါ်ချိန် မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်

**နိုင်ရိုဘီ စက်တင်ဘာ ၁၂**

ကင်ညာနိုင်ငံသည် အယ်နီညိုရာသီဥတုဖြစ်ပေါ်ချိန်တွင် မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ စတင် ဆောင်ရွက်နေကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

မကြာမီကာလအတွင်း အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်သဖြင့် ကင်ညာနိုင်ငံအစိုးရသည် မွေးမြူရေးတိရစ္ဆာန်များ ကာကွယ်နိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထိခိုက်ဆုံးရှုံးမှု လျှော့နည်းစေရေးအတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်းခန့် တန်ဖိုးရှိ အမျိုးသားအဆင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုအစီအစဉ်ကို သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်ရေးက မွေးမြူရေးကဏ္ဍ၏ ဆုံးရှုံးမှုများကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ အစိုးရက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး မူတာဟီကာဂွီပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို ကင်ညာမိုးလေဝသဌာန၏ ခန့်မှန်းချက်များကို အခြေခံ၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက်ရေကြီးရေလျှံခြင်းနှင့် ဒေသအလိုက် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ကြိုတင်တုံ့ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် နိုင်ငံအရှေ့ပိုင်း ခရိုင် ၂၄ ခုကို အဓိကထား၍ ထိုအစီအစဉ်ကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် အာနက်ကရာကာတောင်မီးတောင်မှ ပြာများကြောင့် လေထုညစ်ညမ်းပြီး ဒေသခံပြည်သူ ၆၈၉၁၉ ဦး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွား

**ဂျကာတာ စက်တင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံတွင် အာနက်ကရာကာတောင် မီးတောင်မှ မီးတောင်ပြာများကြောင့် လေထုညစ်ညမ်းပြီး ဒေသခံပြည်သူ ၆၈၉၁၉ ဦး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနေကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အာနက်ကရာကာတောင် မီးတောင်သည် ပေါက်ကွဲမှုများ ဆက်လက် ဖြစ်ပွားနေကြောင်း၊ မီးတောင်ပြာများ ပျံ့နှံ့ကျရောက်ခဲ့သည့် ပြည်နယ်လေးခုရှိ ခရိုင်နှင့် မြို့ပေါင်း ၂၃ ခုတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူ ကနဦး ဦးရေ ၁၇၇၈၀ ရှိရာမှ ယနေ့တွင် ၆၈၉၁၉ ဦး ရှိလာကြောင်း သိရသည်။



အဆိုပါ ရောဂါဖြစ်ပွားများတွင် အသက်ငါးနှစ်နှင့်အောက် ကလေးငယ် ၁၄၄၃၉ ဦးပါဝင်ပြီး အသက် ငါးနှစ်အထက် လူဦးရေ ၅၄၄၈၀ ဦး ပါဝင်ကြောင်း သိရသည်။

မီးတောင်ပြာများနှင့် ရေရှည်ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ထိခိုက်ခံစားနေရသည့် ဒေသများတွင် ကျန်းမာရေးစောင့်ကြည့် စစ်ဆေးမှုများနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း အစိုးရ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ချက်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကြောင့် စားနပ်ရိက္ခာရှားပါးမှုများဖြစ်ပေါ်နေ

**အန်ဂျမီနာ စက်တင်ဘာ ၁၂**

ချက်နိုင်ငံတွင် မိုးခေါင်မှု ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်နေကြောင်း ချက်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက်သတင်းများအရ သိရသည်။

စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရေးအတွက် မိုးခေါင်မှုဖြစ်ပေါ်နေစဉ်ကာလအတွင်း ကောက်ပဲသီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချခွင့် ပိတ်ပင်ကြောင်း၊ အာဖရိက အလယ်ပိုင်းနိုင်ငံများတွင်ဇူလိုင်လမှ ဩဂုတ်လအလယ်ပိုင်းထိ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထို့ကြောင့်လည်း စားနပ်ရိက္ခာ ရှားပါးမှုဖြစ်ပေါ်လာခြင်းဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း လက်အောက်ခံဖြစ်သည့်စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းကလည်း အာဖရိက အလယ်ပိုင်း နိုင်ငံများတွင် စားနပ်ရိက္ခာ ပြတ်လပ်မှုများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ချက်အစိုးရက အတည်ပြု ထုတ်ပြန်ခဲ့သည်။

"ချက်နိုင်ငံမှာ နွေရာသီကာလ အတွင်းမှာ မိုးခေါင်ရေရှားပါးမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ မိုးခေါင်မှုကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ စားနပ်ရိက္ခာမလုံလောက်မှုတွေဖြစ်ပေါ်နေတယ်။ စားနပ်ရိက္ခာပြတ်လပ်မှုတွေ မဖြစ်စေဖို့အတွက် ကောက်ပဲသီးနှံတွေကို ပြည်ပတင်သွင်းခွင့်မပြုဖို့ တားမြစ်ချက် ထုတ်ပြန်ထားပါတယ်။ စီးပွားရေးကဏ္ဍအတွက် အခက်အခဲတွေရှိလာနိုင်ပေမဲ့လဲ ပြည်တွင်းမှာ စားနပ်ရိက္ခာလုံလောက်မှုရှိစေဖို့အတွက် အခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ချက်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# မြောက်အမေရိကနိုင်ငံများတွင် တောမီးလောင်ကျွမ်းမှုနှုန်းမြင့်မားနေသဖြင့် အဆိပ်သင့်လေထုညစ်ညမ်းမှုများဖြစ်ပေါ်

**ဝါရှင်တန် စက်တင်ဘာ ၁၂**

မြောက်အမေရိက နိုင်ငံများတွင် တောမီးလောင်ကျွမ်းမှုနှုန်း မြင့်မားနေသဖြင့် အဆိပ်သင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း အမေရိကန်နိုင်ငံနေရှင်နယ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (NWS) က ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

မြောက်အမေရိကတိုက်တွင် လူဦးရေ သန်း ၁၈၀ ကျော်နေထိုင်ပြီး လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ သန်းပေါင်းများစွာ ရှိနေကြောင်း၊ ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏသည်လည်း အဆိပ်သင့်အဆင့် ဖြစ်သည့်အတွက်ကြောင့် ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည့် မြောက်အမေရိကမှာလည်း အမေရိကန်နိုင်ငံဖြစ်ပြီး လေထုညစ်ညမ်းမှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည်ဟု NWS က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မြောက်အမေရိက နိုင်ငံတွေမှာ ၂၀၂၆ ခုနှစ်အတွင်း အပူလှိုင်းတွေ မကြာခဏဖြတ်သန်းခဲ့ပြီးတော့ အပူချိန်တွေမြင့်တက်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့်လဲ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်မှုနှုန်း မြင့်မားခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကနေထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်တဲ့လယ်ဗယ်ဟာ အဆိပ်သင့်အဆင့်ဖြစ်တဲ့ အတွက်ကြောင့် ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေပါတယ်"ဟု အမေရိကန်နိုင်ငံ နေရှင်နယ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (NWS) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ

ဘုန်းမောင်ဝင်း(ဖျာပုံ)

**❖ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်လာလျှင် "နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူး ခံရသူများကို စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင် ရွက်မှုမြှင့်တင်ရန်"ဟူ၍ ရည်ရွယ်ချက်များချမှတ်ထားသည်။ ❖**

ယနေ့ ကမ္ဘာနှင့်အဝန်းတွင် လူကုန်ကူးနေခြင်းများ ပေါ်ပေါက်လျက်ရှိသည်။ လူကုန်ကူးမှုကျူးလွန်နေသူတို့မှာ ကိုယ်ချင်းစာစိတ်ကင်းမဲ့သော အတ္တသမားများဖြစ်သည်။ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်ဆိုသည့်အရေးဖြင့် လူကုန်ကူးမှုများကို လက်မနှေးဘဲ ကျူးလွန်နေကြသည်။ ဘာသာရေးရှုထောင့်ကဖြစ်စေ၊ လူမှုရေးရှုထောင့်ကဖြစ်စေ မဖြစ်သင့်၊ မလုပ်သင့်သော အလုပ်ကိုလုပ်နေကြသူများဖြစ်သည်။ လောကတွင် ရိုးရိုးသားသား အသက်မွေးဝမ်းကျောင်းပြုရန် လုပ်ငန်းများ များစွာရှိနေပါလျက် လူအချင်းချင်းခေါင်းပုံဖြတ်ကာ လူကုန်ကူးမှုကျူးလွန်နေခြင်းမှာ မကောင်းသောအသက်မွေးမှုပြုနေခြင်းဖြင့် နောက်ဆုံးတွင် ဥပဒေဘောင်အတွင်း သက်ဆင်းကြရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံဖြစ်သည်။ ကိုယ်ချင်းစာစိတ်ထားဖြင့် ပြုမူ၊ လုပ်ကိုင်၊ ပြောဆို ခြင်းဖြင့် မကောင်းမှုကိုရှောင်ကြဉ်ကြရမည်။ ကံ ကံ၏ အကျိုးပေးအရ မကောင်းမှုပြုသူတို့မှာ မကောင်းကျိုးကို ပြန်လည်ခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် လူကုန်ကူးမှုသည် လွန်စွာအကျည်းတန်သော လုပ်ရပ်ဖြစ်သည်။ အဆိုးရွားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည်။ လူသားမျိုးနွယ်တစ်ခုလုံး၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကိုကြီးမားစွာ ထိပါးဖျက်ဆီးနေသည့်လုပ်ရပ်ဖြစ်သည်။ လူကုန်ကူးမှုပပျောက်ရေးမှာ အမျိုးသားရေးကိစ္စရပ်အဖြစ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ထုတ်ပြန်ထားသည်။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ထိုသူကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်။

နည်းလမ်းများအဖြစ် ၁။ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ ၂။ သွေးဆောင်ခေါ်ယူခြင်း၊ ၃။ လိမ်လည်ခြင်း၊ ၄။ လှည့်ဖြားခြင်း၊ ၅။ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ ၆။ ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ ၇။ ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်း လွှမ်းမိုးနိုင်သူ၏ သဘောတူညီချက်ရရှိရန်ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဟု ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီလေးရပ်နှင့်အဆင့်ဆင့်သောလူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှလူငယ်များသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများကို ချစ်ကြိုက်၍ လက်ထပ်ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသော သဘောဖြင့် ငွေကြေးပေးကာ လက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများကို ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook နှင့် Telegram များကိုအသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ် လွှဲပြောင်းပေးခြင်းများပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မ ထိမ်းမြားလက်ထပ်ရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဗဟိုအဖွဲ့အနေဖြင့် သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူ ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းရန်၊ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်တရားမဝင်ဝင်ရောက်မှု မရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်ဖြစ်ပွားသော လူကုန်ကူးမှုတားဆီးရေးစီမံချက်ကို Pilot Project ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေသကဲ့သို့ လူကုန်ကူးမှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးက အထူးတလည် သိရှိစေရန်အတွက် နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်နေ့ကို "မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့"အဖြစ် သတ်မှတ်ထားသည်။ နှစ်စဉ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ၁၄ ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်အဖြစ် "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ"ဟူ၍ ချမှတ်ထားသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်လာလျှင် "နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်းစိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများကို စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်" ဟူ၍ရည်ရွယ်ချက်များ ချမှတ်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများနှင့် အခြားသော ဒုစရိုက်လုပ်ငန်းများသည်လည်း လူကုန်ကူးခြင်းနှင့်ဆက်စပ်လျက်ရှိသည်။ ဒုစရိုက်လုပ်ငန်းမှန်သမျှသည် လူသားတို့အတွက် ကောင်းကျိုးလုံးဝမဟုတ်ဘဲ ဆိုးကျိုးအမျိုးမျိုးကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။

လူကုန်ကူးမှုနှင့်ပတ်သက်လာလျှင် လူငယ်များအနေဖြင့် အထူးသတိထားကြရမည် ဖြစ်သည်။ ငွေကြေးလစာ အများကြီးရမည်။ ကောင်းမွန်စွာနေထိုင်ရမည်။ အလုပ်လည်း ပင်ပင်ပန်းပန်းလုပ်ကိုင်ရမည်မဟုတ်ဟူသော လိမ်လည်မှုအမျိုးမျိုးဖြင့် ထောင်ချောက်ဆင်ကာ လူငယ်တို့ကို သိမ်းသွင်းကြမည်။ အချို့သောပညာတတ်၊ ကွန်ပျူတာကျွမ်းကျင်သောလူငယ်များကိုလည်း နေ့ချင်းညချင်းကြီးပွားချမ်းသာတော့မယောင် မက်လုံးပေးကာ စည်းရုံးသိမ်းသွင်းပြီး ရောင်းစားလိုက်ကြသည်။ ယနေ့ခေတ်စားနေသည့် အွန်လိုင်းလိမ်လည်မှုတွင် ပညာတတ် လူငယ်မောင်မယ်များ များစွာနစ်မွန်းလျက်ရှိကြသည်။ နိုင်ငံတော်အစိုးရက ပြန်လည်ကယ်တင်ပေးသည့်အတွက် မိဘရင်ခွင်သို့ အေးချမ်းစွာ ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်သည်။

ယနေ့နိုင်ငံတစ်ဝန်းတွင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိနေသည့် လူငယ်မောင်မယ်များမှာလည်း တစ်နည်းအားဖြင့်ပြောရလျှင် လူကုန်ကူးခံရခြင်းဖြစ်သည်။ လိမ်လည်မှုထောင်ချောက် အမျိုးမျိုးဖြင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများအတွင်းသို့ ရောက်ရှိသွားကာ အမြင်မှန်ရသူများပြန်လာနိုင်ကြသည်။ အမြင်မှန်မရသေးသူများကား ဆက်လက်မိုက်နေဆဲဖြစ်မည်။

မည်သူမဆို မိမိတို့၏ မိဘ၊ ညီအစ်ကို မောင်နှမများနှင့်အတူတကွ အေးအတူပူအမျှနေထိုင်လိုကြသည်။ သားသမီးများအနေဖြင့်လည်း မိမိတို့၏ အလုပ်အကိုင်ဖြင့် မိဘများကို ရှာဖွေကျွေးမွေးလိုသည့်ဆန္ဒရှိကြသည်။ အဆိုပါ ဆန္ဒအပေါ်တွင် လူကုန်ကူးလိုသူများက ပစ်မှတ်ထားကာ လိမ်လည်မှုထောင်ချောက်ဆင်ကာ အမိဖမ်းလိုက်ကြခြင်းဖြစ်သည်။ ပိုက်ဆံရလျှင် ဘာမဆိုလုပ်မယ်ဆိုသည့် လူညံ့လူတန်းစားတွေရှိနေသ၍ လူကုန်ကူးမှုသံသရာလည်နေမည်ဖြစ်သည်။

သံသယဖြစ်ဖွယ် အနေအထားမျိုးရှိနေလျှင် နီးစပ်ရာရဲစခန်းများသို့ ဆက်သွယ်ကြောင်းကြားသင့်သည်။ မြန်မာနိုင်ငံအစိုးရအဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ရပ်များကို ထိရောက်စွာ တားဆီးနှိမ်နင်းလျက်ရှိပြီး အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင်နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။ အခြားနိုင်ငံများတွင် အခက်အခဲကြီးမားစွာ တွေ့ကြုံနေရသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူနေသည်။ မကြာမီကာလတွင်လည်း မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ခေါ်ယူရန်စီစဉ်ထားပြီးဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့် မသေချာသောလုပ်ငန်းမျိုးကို စိတ်မဝင်စားသင့်ပေ။ သူများပြောတိုင်း မယုံသင့်ပေ။ ယခုနှစ်အတွက် သတ်မှတ်ထားသည့် "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ"ဆိုသည့် ဆောင်ပုဒ်အတိုင်း တိုက်ဖျက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာတော့မည်ဖြစ်သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ၊ များစွာရှိလာမည်ဖြစ်၍ အဆိုပါ အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး မိမိတို့၏အရည်အချင်းများ ဖြည့်တင်းထားကြရမည်ဖြစ်သည်။

မိမိတိုင်းပြည်တွင် မိမိတို့အိုးမကွာအိမ်မကွာ အလုပ်လုပ်ခြင်းသာ အကောင်းဆုံးဖြစ်သည်။ မိမိတို့က လိုချင်စိတ်လောဘများလျှင် လိမ်လည်သူများ၏ ထောင်ချောက်တွင်း ရောက်ရှိတတ်သည်။ ထိုအခါ အပြန်ခက်ကာ ဘဝကိုဆုံးသွားပေမည်။ ဤသည်ကို သတိကြီးစွာထားသင့်သည်။ လူငယ်မောင်မယ်တို့ စဉ်းစားတွေးဉာဏ် မြင့်မားစွာထား၍ လူကုန်ကူးမှုကို တိုက်ဖျက်ကြရမည်ဖြစ်သည်။ ထို့အတူ မိဘပြည်သူများကလည်း မိမိတို့ သားသမီးများ လိမ်လည်လှည့်ဖြားခံရကာ လူကုန်ကူးခံရမှုနွံတွင်း မကျဆင်းအောင် သတိပြုကြရမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် မြန်မာ့လူမှုနယ်ပယ်တွင် လုံးဝမရှိသင့်သောလူကုန်ကူးမှုပပျောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှု ထောင်ချောက်တွေကို တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် စတင်ကျင်းပမည်



ယခင်နှစ်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ် လပြည့်နေ့တွင် စတင်ကျင်းပမည် ဖြစ်ကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှထံမှ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေစေရန် တောင်တက် မော်တော်ယာဉ် ၁၅၂ စီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျိုက်ထီးရိုး စေတီတော် ပွဲတော်ကိုတော့ နှစ်စဉ် ကျင်းပနေကြအတိုင်း သီတင်းကျွတ်လပြည့်နေ့မှာ စတင်ကျင်းပသွားမှာဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ တောင်တော်ဖွင့်ပွဲ လုပ်ပါမယ်။ အနယ်နယ်အရပ်ရပ် က ဘုရားဖူးပြည်သူတွေ လာရောက်ကြမှာဖြစ်တဲ့အတွက် တောင်တက်ကားတွေကို ၁၅၂ စီး ပြေးဆွဲပေးမှာပါ"ဟု ဦးစိုးလှက ပြောပြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ တည်းခိုနေထိုင်ရေးအဆင်ပြေစေရန် တည်ဆောက်ထားသည့် လေးထပ်ရင်ပြင်တော် အခမဲ့တည်းခိုဆောင်ကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# Avengers : Doomsday ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းရငွေ ဒေါ်လာသန်း ၅၀ ကျော်ရှိလာ

**နယူးယောက် စက်တင်ဘာ ၁၂**

မာဗယ်စတူဒီယို၏ Avenger: Doomsday ဇာတ်ကားအတွက် ကြိုတင်လက်မှတ်ရောင်းအားမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မာဗယ်စတူဒီယိုသည် Avenger : Doomsday ဇာတ်ကား ကြိုတင်လက်မှတ်များကို ရုံမတင်မီ သုံးလကျော်အလိုတွင် စတင်ရောင်းချနေခြင်းဖြစ်သည်။

မာဗယ်စတူဒီယိုသည် Avengers: Doomsday ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

Avengers : Doomsday ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရပ်ဆိုးနှင့် ဂျိုးရပ်ဆိုးတို့က တာဝန်ယူ ရိုက်ကူးပေးထားသည်။

၎င်းဇာတ်ကားတွင် မင်းသား ရောဘတ်ဒေါနေးဂျူနီယာ၊ ခရစ်အီဗန်နှင့် ခရစ်ဟမ်းစဝါ့သ်တို့က အဓိက ဇာတ်ဆောင်များအဖြစ် ပါဝင်ထားသည်။

Avengers : Doomsdayဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဖင်မက်မီလီနှင့် အားရစ်ခ်ဆွစ်မားတို့က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ချစ်မနုတ်လောက်မုန်းလာ ဇာတ်လမ်းတွဲကို SKYNET Application မှ စက်တင်ဘာ ၂၂ ရက်တွင် ထုတ်လွှင့်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ချစ်မနုတ်လောက် မုန်းလာ ဇာတ်လမ်းတွဲကို SKYNET Application မှ စက်တင်ဘာ ၂၂ ရက်တွင် စတင်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ဖြိုးငွေစိုးထံမှ သိရသည်။

အဆိုပါ ချစ်မနုတ်လောက် မုန်းလာ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မောင်သစ္စာနှင့် ရန်နိုင်ထွန်း တို့က ရေးသားရေးညွှန်းထားပြီး ဒါရိုက်တာ နေသူရိန်နှင့် တွဲဖက်ဒါရိုက်တာ ကိုတင်မောင်တို့က တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ကြီးချစ်ပြီး ရှေးရိုးစွဲတတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျေးဇူးသိတတ်ပြီး အယူသီးတဲ့




သူမို့ ဘဝတစ်လျှောက်လုံး ကျေးဇူးဆပ်ရင်း တလွဲတွေချည်းဖြစ်နေရတဲ့သူ တစ်ယောက်တို့ ကျေးဇူးဆိုတဲ့စကားလုံးရဲ့အောက်မှာ သူတို့နှစ်ဦးဘယ်လို တွေ့ဆုံပြီး ဘယ်လိုတွေ ဗျာများရမလဲ ဆိုတာကတော့ ချစ်မနုတ်လောက် မုန်းလာ ဇာတ်လမ်းတွဲလေးကို အားပေးကြည့်ရှုရင်း အဖြေထုတ်ကြပါ"ဟု သရုပ်ဆောင် ဖြိုးငွေစိုးက ပြောပြသည်။

ချစ်မနုတ်လောက် မုန်းလာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဖြိုးငွေစိုး၊ နေ့သစ်အေးအောင်၊ ခင်လှိုင်၊ သဇင်ထူးမြင့်နှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး လာမည့် စက်တင်ဘာ ၂၂ ရက်မှစတင်ကာ SKYNET Application တွင် အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Honeymoon/Funeral ဇာတ်ကား၌ မင်းသမီး ကာရီကွန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၁၂**

Honeymoon/Funeral အမည်ရှိဟာသဇာတ်ကားသစ်၌ မင်းသမီး ကာရီကွန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Honeymoon/Funeral ဇာတ်ကားတွင် မင်းသမီး ကာရီကွန်းသည် မင်းသမီး ရီဘတ်ကာဖာဂူဆန်၊ ဂရီတာလီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဟန်းနီးမွန်းခရီးထွက်မည့် အမျိုးသမီးတစ်ဦးနှင့်မိခင်ဈာပနအခမ်းအနားအတွက် ခရီးထွက်သူ အမျိုးသမီးတစ်ဦးတို့အကြောင်း ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

Honeymoon/Funeral ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ နာနက်ချ်ကာခန်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို အမျိုးသမီး ဇာတ်ညွှန်းရေးဆရာ ဂျူလီယာဘစ်ခ်နဲလ်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Honeymoon/Funeral ဇာတ်ကားကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင် ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# M Channel ရုပ်သံလိုင်းက စက်တင်ဘာ ၁၉ ရက်တွင် ထုတ်လွှင့်မည့် စာမျက်နှာ ၁၆ ရုပ်သံဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၂**

M Channel ရုပ်သံလိုင်းက လာမည့် စက်တင်ဘာ ၁၉ ရက်တွင် ထုတ်လွှင့်မည့် စာမျက်နှာ ၁၆ ရုပ်သံဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲကို စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာ ကဇာတ်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ဟိန်းသီဟထံမှ သိရသည်။

အဆိုပါ စာမျက်နှာ ၁၆ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဆူးခက်မင်းက ရေးသားထားပြီး ဒါရိုက်တာ သားညီ၊ လက်ထောက်ဒါရိုက်တာ ဝင်းမြင့်ဦးတို့က Lovely World Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းတွဲလေးက တကယ်ကို အမှတ်တရပါပဲ။ ဒီဇာတ်လမ်းတွဲကို လနဲ့ချီကြာအောင် ရန်ကုန်တက္ကသိုလ်ထဲမှာ ရိုက်ကူးတဲ့အချိန် အဲဒီအနားကနေ ဖြတ်သွားတိုင်း ကျောင်းသားဟောင်းတစ်ယောက်လိုပဲ ကျောင်းကြီးကို လွမ်းလိုက်တာလို့ ခံစားချက်တွေ ဖြစ်မိပါတယ်။ တက္ကသိုလ်နောက်ခံ အချစ်ဇာတ်ကားလေး ဖြစ်လို့ အားပေးကြပါအုံး"ဟု သရုပ်ဆောင်ဟိန်းသီဟကပြောပြသည်။

အဆိုပါ စာမျက်နှာ ၁၆ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဟိန်းသီဟ၊ ဗီတာမင်၊ သံသာညီနှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး စက်တင်ဘာ ၁၉ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၇ နာရီတွင် M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing visits Preah Sihamoniraja Buddhist University and pays respects to the Great Supreme Patriarch of Dhammayutta Order of Cambodia



**President U Min Aung Hlaing presents a replica of the Maravijaya Buddha Image, a copy of the record book on construction of the Image, and alms to the Great Supreme Patriarch of Dhammayutta Order of Cambodia.**

**Nay Pyi Taw September 12**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing, who was on a State Visit to Phnom Penh, Cambodia, visited Preah Sihamoniraja Buddhist University at 8.15am local time today and paid respects to His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY, the Great Supreme Patriarch of Dhammayutta Order of Cambodia.

On arrival at the university, the President was welcomed by students and officials of Cambodia, who were waving religious flags and miniature flags of the two countries.

The President offered flowers to the Buddha Image at the university and paid homage.

The President and party paid respects to the Cambodian Sayadaw, supplicated on religious matters and sought Ovada from His Holiness. The Sayadaw explained the International Peace Cambodia-Myanmar Dormitory construction project, located in Ampil Rong Village, Oudong Region, Kampong Speu Province, Cambodia. The President enquired about the requirements of the project and offered assistance. The religious building will serve as a symbol of Myanmar-Cambodia friendship.


The President presented a replica of Maravijaya Buddha Image, a copy of the record book on construction of the Image, and donations in cash and kind to the Sayadaw, who in return presented a Myanmar-Cambodia friendship commemorative gift to him.

The President and party posed for documentary photos together with the Sayadaw.

The President and party toured the university compound together with the Sayadaw, and when they left the university, they were warmly seen off by students and officials of Cambodia, who were waving religious flags and miniature flags of the two countries.

MNA

# High-level Myanmar delegation led by President U Min Aung Hlaing arrives in Siem Reap, Cambodia



**President U Min Aung Hlaing leaves Techo International Airport of Phnom Penh for Siem Reap.**

**Nay Pyi Taw September 12**

The high-level Myanmar delegation led by President U Min Aung Hlaing, who was in Phnom Penh of Cambodia on his State Visit, left Techo International Airport of Phnom Penh for Siem Reap by special aircraft at 10.15 am local standard time today.

The President and party were seen off at the airport by senior officers from the Cambodian government led by Minister of Water Resources and Meteorology H.E. Mr. THOR Chetha and officials.

Members of the Cambodian Guard of Honour took positions on both sides of the red carpet and rendered a salute, while a Cambodian girl presented a bouquet of flowers. Students and young people warmly bid farewell by waving small national flags of the two countries and holding photos of President U Min Aung Hlaing and His Majesty King Preah Bat Samdech Preah Boromneath Norodom Sihamoni of Cambodia.

The high-level Myanmar delegation led by the President arrived at Siem Reap Angkor International Airport in Siem Reap. They were warmly welcomed by Governor of Siem Reap H.E. Mr. PRAK Sophoan, a representative from the Ministry of Royal Palace of Cambodia and a Senator.

The Governor of Siem Reap paid a courtesy call on the President at the hotel where the Myanmar delegation stays.

During the meeting, they had cordial discussions on the fact that the Angkor Archaeological Park in Siem Reap Province is a UNESCO-listed site with numerous valuable ancient cultural heritage sites comparable to the Bagan Archaeological Zone in Myanmar; the ways to promote tourism between Siem Reap and Bagan; and the need for Cambodia to provide care and protection to Myanmar citizens working in the tourism and service sectors in Siem Reap in accordance with Cambodian laws.

Then, the high-level Myanmar delegation led by President U Min Aung Hlaing was hosted to a luncheon in its honour by the Governor of Siem Reap Province. Before and during the luncheon, the Siem Reap Provincial Cultural Troupe entertained the guests with traditional music. MNA



**President U Min Aung Hlaing receives Governor of Siem Reap Mr. PRAK Sophoan.**

# President of the Republic of the Union of Myanmar U Min Aung Hlaing meets with families of Myanmar Embassy and Military Attaché Office, and state scholars in Cambodia



**President U Min Aung Hlaing presents food items and honoraria to the families of the Myanmar Embassy and Defence Attaché Office, and scholarship trainee officers in Cambodia.**

**Nay Pyi Taw September 12**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on a state goodwill visit to Cambodia, accompanied by delegation members, met and delivered remarks to the families of the Myanmar Embassy and Military Attaché Office, as well as state scholars, at the Embassy of Myanmar in Phnom Penh today at 9:00 a.m. local time.

Upon arrival at the embassy, the President and his delegation were warmly welcomed by Myanmar Ambassador to Cambodia U Kyaw Soe Min and his wife, Myanmar Military Attaché (Army, Navy and Air) Brig-Gen Zaw Win, and staff families from the embassy and the military attaché office. The President then signed the embassy's guest book.

During the meeting, the Ambassador, the Military Attaché, staff families, and trainee officers first introduced themselves individually.

In his address, the President stated that his state goodwill visit was made at the invitation of the King of Cambodia. He noted that the diplomatic relations between the two countries have been longstanding and positive, marked by historical friendship. He also highlighted significant similarities in the history, cultural traditions, religious practices, and beliefs of both nations. Successive generations of leaders from both countries have exchanged goodwill visits to foster bilateral ties, and his current visit aims to uphold these fine historical traditions.

He further mentioned that both nations share Mon-Khmer heritage roots, leading to similarities in culture and the practice of Theravada Buddhism. He noted that linguistic and literary parallels can also be observed between the Mon and Cambodian scripts. Due to these cultural commonalities, even though the two countries are not direct geographical neighbours, they enjoy close and cordial relations.

The President observed that just as Myanmar primarily relies on agriculture and livestock-based production, Cambodia likewise centers heavily on the agricultural and livestock sectors. To develop Myanmar's economy, basic education high schools focused on industry, agriculture, and livestock have been opened to advance agro-based production. He emphasized that only when agriculture and livestock sectors develop can the country produce essential goods, meet domestic demand, and supply exports, which will in turn improve domestic capital circulation and boost the nation's GDP.

Myanmar is undertaking efforts to eradicate online financial scams and online gambling as a national responsibility. Likewise, it has been found that Cambodia is also carrying out measures to combat online financial scams and online gambling. In seeking the foreign income necessary for the country, it is important to implement activities that will benefit the country, rather than using methods that could harm or damage the country and its people. It has been observed that while some people involved in online scam and gambling operations are forced to engage in such activities due to threats and coercion, others participate of their own volition. Just as foreign nationals arrested in Myanmar for conducting online financial scams and online gambling have been systematically handed over to their respective countries so that further legal action could be taken in accordance with the law, Myanmar nationals involved in such activities are also being effectively prosecuted in accordance with the law, said the President.

Diplomats and scholarship students staying abroad need to continuously study and remain aware of the true history of their own country as well as the actual current situation. Likewise, they should continuously study and analyze the history, current development, and progress of the countries in which they are serving or studying, as well as the status of relations and cooperation between those countries and Myanmar. They should make efforts in their respective capacities to further promote friendly relations and cooperation between the two countries, said the President.

Regarding language learning, while studying or serving abroad, they should make continuous efforts to study and learn the language and literature of the country in which they are staying during their free time. Acquiring proficiency in the local language and literature will undoubtedly benefit them at some point in the future. Language proficiency will help them build closer ties with the countries with which they interact and cooperate, thereby contributing, in its own way, to the further development of bilateral relations. He also urged them to provide assistance and care, in accordance with the law, to Myanmar citizens who are staying in Cambodia for various reasons. Likewise, he urged them to live together with mutual affection, unity and solidarity.

Subsequently, the President presented food items and honoraria to the families of the Myanmar Embassy and Defence Attaché Office, as well as scholarship trainee officers. The Ambassador, military attachés (Army, Navy and Air) and scholarship trainees received the items and honoraria.

Afterwards, the President proceeded to inspect the site where the new building of the Embassy of Myanmar in Cambodia will be constructed and gave necessary guidance and instructions based on the presentations made by the Ambassador.

MNA

# Hundreds of migrants vanish after UK returns them to France – media

**London September 12**

Hundreds of illegal migrants, including more than 40 "age-disputed" children, who were returned from the UK to France under the 'one in, one out' deal have disappeared, The Guardian reports, citing human rights organizations.

The migrant exchange scheme was brokered by Paris and London last summer and hailed as a groundbreaking achievement at the time. Under the deal, the UK can return illegal migrants who cross the Channel to France while accepting asylum seekers with legitimate claims who had not previously attempted to enter Britain illegally.

The scheme has proven to have a very limited impact, with around 1,400 migrants returned since it was signed in September last year, compared with around 32,000 illegal arrivals. Moreover, hundreds of migrants sent back to France under the scheme have disappeared, The Guardian reported, citing figures provided by NGO representatives working on the ground.

RT

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# High-level Myanmar delelation led by President U Min Aung Hlaing visits historic Angkor Wat and Bayon temples in the Angkor Archaeological Park in Siem Reap, Cambodia

**Nay Pyi Taw September 12**

President of the Republic of the Union of Myanmar U Min Aung Hlaing, who was on a State Visit to Siem Reap, Cambodia, accompanied by delegation member Union ministers and officials, visited the historic Angkor Wat and Bayon temples in the Angkor Archaeological Park in Siem Reap this afternoon.

On their arrival at the historic Angkor Wat temple, the President and party were welcomed by officials.

The President and delegation members observed the historic Angkor Wat temple, including its massive stone structures, stone sculptures, and intricate carvings on the walls depicting in detail the daily life, trade, ceremonies, wars and social conditions of the ancient Khmer people, as well as the Buddha images worshipped by the Khmer people. Officials from the Angkor Archaeological Park provided detailed explanations during the tour, and the President asked questions and discussed matters of interest.

The President and party posed for the documentary photo in front of the temple. The President presented a commemorative gift to the in-charge of the archaeological park and a duplica of Maravijaya Buddha Image and the record book on building the image to be kept at the monastery in the archaeological park to an official.

The President and party viewed along the moat circular road in the archaeological park by car and proceeded to the ancient Bayon temple. Officials welcomed them.

The President and delegation members toured the Bayon Temple and observed the ancient architectural works and stone carvings on the temple walls depicting the military affairs, culture and daily life of the Khmer Empire period. Officials conducted them round the temple.

The historic Angkor Wat and Bayon temples are located in the Angkor Archaeological Park in Siem Reap Province, northwestern Cambodia. The Angkor Archaeological Park is one of the world's largest historical sites. The world-renowned Angkor Wat and Bayon temples, renowned for its four-sided towers adorned with giant stone faces, and the Ta Prohm Temple, where tree roots have grown over and around the ancient structures, are prominent attractions and historic sites inscribed on the UNESCO World Heritage List.

The Angkor Wat was built in the early 12th century by King Suryavarman II as a temple dedicated to Vishnu, a Hindu deity. It was later converted into a Buddhist temple. During the reign of King Srindravarman (1295-1307), when Theravada Buddhism was adopted as the state religion of the Khmer Empire, the Angkor Wat was transformed from a Hindu temple into a Buddhist temple. It is now recognized as the world's largest religious monument and is featured as a symbol on the national flag of Cambodia.



President U Min Aung Hlaing visits the historic Angkor Wat temple.

The Bayon Temple was also built by King Jayavarman VII between the late 12th and early 13th century as a Mahayana Buddhist temple. Its most distinctive feature is the enormous stone faces carved on its towers. Originally, the temple had 54 towers bearing more than 200 faces oriented toward the four cardinal directions, of which about 37 towers remain today. The interior and exterior walls of the temple are adorned with highly detailed and beautiful bas-reliefs depicting the daily life, trade and warfare of the ancient Khmer people. As such, the Bayon is an ancient temple of great historical significance.

MNA

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing arrives back from Cambodia to Myanmar



President U Min Aung Hlaing being seen off at Siem Reap Angkor International Airport in Siem Reap.

**Nay Pyi Taw September 12**

A high-level Myanmar delegation led by Resident of the Republic of the Union of Myanmar U Min Aung Hlaing, after paying a State Visit to Cambodia at the invitation of King of Cambodia Preah Bat Samdech Preah Baromneath Norodon Sihamoni, left Siem Reap Angkor International Airport in Siem Reap this evening. The high-level Myanmar delegation led by

*See Page 15*



President U Min Aung Hlaing being welcomed back at Nay Pyi Taw Airport.

# Statement regarding the Illegal Activities of Kyaw Moe Tun, Former Permanent Representative of Myanmar to the United Nations

The Ministry of Foreign Affairs issues the following statement regarding the illegal activities of Kyaw Moe Tun, who has already been dismissed as Myanmar's Permanent Representative to the United Nations.

Kyaw Moe Tun was dismissed from civil service with effect from 27 February 2021 for failing to comply with orders and directives issued by the State, committing acts of treason against the State in violation of diplomatic ethics, and acting in allegiance to and as a representative of unlawful organizations.

Despite his dismissal from civil service, it has been found that Kyaw Moe Tun continues to use state-owned property, including the premises of the Permanent Mission of Myanmar in New York, the official residence of the Head of Mission, and a vehicle.

Furthermore, it has been learned that, as of February 2021, the funds amounting to USD 2.76 million and EUR 38,233.62 remained in the bank account of the Permanent Mission of Myanmar to the UN in New York. It has also been found that these remaining State funds were withdrawn and used without authorization from the State and were misused for personal interests. Therefore, Kyaw Moe Tun will be required to explain the use of the mission's funds and provide supporting evidence.

Furthermore, Kyaw Moe Tun has been in direct contact with the NUG and CRPH, which have been declared unlawful associations and terrorist organizations, and continues to act as their loyal representative. He has misused the UN platform and served as a political tool for the so-called NUG by creating a false appearance of legitimacy online and facilitating the collection of donations for the NUG. Moreover, he actively acts as an accomplice to terrorist acts by concealing, defending, and supporting unlawful violent operations targeting innocent civilians, civil servants, and public infrastructure within Myanmar on the international stage.

In connection with these acts, the Dekkhina District Court instituted Case No. 32/2021 against Kyaw Moe Tun under Section 122(2) of the Penal Code for high treason against the State, and issued an arrest warrant against him. Furthermore, action has been taken against him under Section 17(1) of the Unlawful Associations Act, Section 6(1) of the Public Property Protection Act, and Section 124-A of the Penal Code. Additional legal proceedings have also been instituted against him under the Counter-Terrorism Law and Section 66(d) of the Telecommunications Law.

At present, Kyaw Moe Tune has been declared a proclaimed offender under Sections 87 and 88 of the Code of Criminal Procedure, and court orders have been issued accordingly. Through INTERPOL and the United States National Central Bureau (USNCB), efforts continue via diplomatic channels, in cooperation with the Myanmar Embassy in Washington, D.C., to coordinate with relevant United States law enforcement authorities for the necessary action.

In light of Kyaw Moe Tun's activities, including misuse of government funds and state-owned property, communications and activities with unlawful organizations, and use of the United Nations platform to propagate one-sided accusations as instructed by the opposition, questions have arisen about his personal credibility and his authority to represent Myanmar. Kyaw Moe Tun's continued representation of Myanmar at the United Nations does not constitute formal recognition of his legitimacy. Rather, his continued status is merely a temporary arrangement, with the Credentials Committee's decision deferred annually.

Therefore, the Ministry of Foreign Affairs informs the United Nations, the international community, and all governments maintaining diplomatic relations with Myanmar that Kyaw Moe Tun's status as a representative of Myanmar has been revoked and withdrawn. Furthermore, statements and acts of incitement by Kyaw Moe Tun do not represent the Government of the Republic of the Union of Myanmar and/or the people as a whole.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**12 September 2026**

*From Page 14*

the President was warmly seen off at the airport by Governor of Siem Reap Province H.E. Mr. PRAK Sophoan and responsible officials, Cambodian Ambassador to Myanmar H.E Mr. CHENG Manith, Myanmar Ambassador to Cambodia U Kyaw Soe Min, Myanmar Military Attaché (Army, Navy and Air) to Cambodia Brig-Gen Zaw Win and families of the Myanmar Embassy and Military Attaché Office.

During the farewell, a young Cambodian lady presented a farewell bouquet to the President, student youths holding the photographs of President of the Republic of the Union of Myanmar U Min Aung Hlaing and King of Cambodia Preah Bat Samdech Preah Baromneath Norodon Sihamoni and waving small flags of the two countries, saw off the delegation warmly.

The President was accompanied by members of his entourage union ministers U Tin Maung Swe, Dr Kan Zaw and U Maung Myint, Mandalay Region Chief Minister U Myo Aung, Mon State Chief Minister U Aung Win Than, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials.

During the State Visit, the President met with acting head of state President of the senate of Cambodia Samdech Hun Sen and held bilateral talks. The President also met with the prime minister of Cambodia and the president of the National Assembly and frankly exchanged views on further consolidating the existing relations between the two countries, boosting mutual cooperation between the two governments, two parliaments and two peoples and multi-sectoral cooperation in various sectors including economic, culture and tourism. The President also visited historic landmarks and ancient cultural zones in Cambodia.

The high-level delegation led by the President arrived back at Nay Pyi Taw airport in the evening and warmly welcomed back by Vice President U Nyo Saw, Vice President Daw Nan Ni Ni Aye, Speaker of the Pyithu Hluttaw U Khin Yi, Speaker of the Amyotha Hluttaw U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the commander of Nay Pyi Taw Command and officials from the Cambodian embassy and military attaché office to Myanmar at the airport.

MNA

# Philippine vessel fire death toll rises to 76, with 13 missing

**Manila September 12**

The death toll from the vessel fire on Wednesday off the waters of the tourist hotspot Palawan Province of the Philippines rose to 76, with 13 still missing, said the Philippine Coast Guard (PCG) on Saturday.

According to the PCG, 41 additional bodies have been found, bringing the total number of confirmed fatalities to 76. The number of survivors remains at 43.

Footage released by the PCG shows the passenger ferry heavily charred, with ashes and burnt metal visible at the scene.

Rescue and investigation are underway.

The ferry departed Manila and caught fire near waters off Coron Municipality, a well-known tourist destination. According to the passenger manifest, 134 people, including 117 passengers and 17 crew members, were listed on board. Two passengers later told authorities they did not embark.

Ferry is a frequent mode of transport across the Philippine archipelago. Due to bad weather, poor vessel maintenance, and weak enforcement of safety regulations, maritime accidents occur from time to time.

Xinhua

# 121 workers hospitalized with suspected food poisoning in central Vietnam

**Hanoi September 12**

A total of 121 workers in Vietnam's central city of Hue had been hospitalized with suspected food poisoning as of 9 a.m. Saturday, local media Vietnamnet reported, citing the local health authority.

The incident occurred at Scavi Hue Company, a textile and garment manufacturer wholly owned by a French group, with many of the workers reportedly falling ill at around 10 a.m. Friday and being taken to medical facilities for emergency treatment.

Director of the municipal health department Tran Kiem Hao said that the patients showed symptoms including fever, abdominal pain, vomiting and diarrhea, with initial diagnoses pointing to acute gastroenteritis caused by contaminated food, according to the report.

The department has coordinated with relevant agencies to investigate the incident, collect samples and identify the cause, while asking the company to monitor workers' health and strengthen food safety measures, the report added.

Xinhua

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan က လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆီရမ်ရိမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H. E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင်နေရာယူအလေးပြု၍လည်းကောင်း၊ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan၊ တော်ဝင်ဘုရင့်နန်းတော်ရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် အထက်လွှတ်တော်မှ ကိုယ်စားလှယ်တို့က ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူးက ခေတ္တတည်းခိုရာဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆီရမ်ရိပြည်နယ် အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ယူနက်စကိုစာရင်းဝင်ဒေသဖြစ်ပြီး မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကဲ့သို့ တန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်များစွာရှိမှုအခြေအနေ၊ ဆီရမ်ရိဒေသနှင့် မြန်မာနိုင်ငံရှိ ပုဂံဒေသတို့ကြား ခရီးသွားကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဆီရမ်ရိဒေသခရီးသွားနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများကို ကမ္ဘောဒီးယားနိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စောင့်ရှောက် ကာကွယ်ပေးစေလိုမှုအခြေအနေနှင့်ပတ်သက်၍ ရင်းရင်း နှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဆီရမ်ရိပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် သံရုံး၊




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်သံရုံးမိသားစုများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားရာ ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) နှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားအရာရှိများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်ပြီး ယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိကြောင်း၊ အလားတူ နှစ်နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကိုးကွယ်မှုအစဉ်အလာနှင့် သက်ဝင်ယုံကြည်မှုများတွင်လည်း များစွာတူညီမှုများရှိကြောင်း၊ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့်လည်း အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများကို တည်ဆောက်ခဲ့ကြကြောင်း၊ အဆိုပါကောင်းမွန်သည့် သမိုင်းအစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်းနိုင်ရန် မိမိအနေဖြင့် ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံသည် မွန်ခမာမျိုးနွယ်များဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုများတွင် တူညီမှုရှိကြောင်း၊ စာပေတွင်လည်း မွန်စာပေနှင့် ကမ္ဘောဒီးယားစာပေများ အနည်းငယ်တူညီမှုရှိသည်ကို လေ့လာသိရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးစံများတူညီသည့်အတွက် အိမ်နီးချင်းနိုင်ငံများမဟုတ်ကြသော်လည်း ချစ်ကြည်ရင်းနှီးသော၊ ကောင်းမွန်သောဆက်ဆံရေးရှိသည့် နိုင်ငံများဖြစ်ကြကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိသည်ကိုလေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှသာ နိုင်ငံအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပပို့ကုန်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများပပျောက်စေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် ပြည်ပဝင်ငွေများကို ရှာဖွေရာတွင် နိုင်ငံအတွက် အကျိုးပြုမည့်လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးများ ထိခိုက်ပျက်စီးနိုင်သည့်နည်းလမ်းများကို အသုံးမပြုရန်လိုကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများသည် အချို့မှာခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် လုပ်ကိုင်နေရခြင်းဖြစ်သော်လည်း အချို့သောသူများမှာ ၎င်းတို့၏ စိတ်ဆန္ဒဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများပြုလုပ်ပြီး ဖမ်းဆီးရမိခဲ့သော ပြည်ပနိုင်ငံသားများကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့သကဲ့သို့ မိမိတို့နိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် သံတမန်များနှင့် ပညာတော်သင်သင်တန်းသားများအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေမှန်များကိုလည်း မျက်ခြည်မပြတ်လေ့လာသိရှိနေရန် လိုကြောင်း၊ အလားတူ မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်နေသည့်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာများနှင့် မျက်မှောက်ကာလဖွံ့ဖြိုးတိုးတက်လာမှုများ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေးတစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘာသာစကားနှင့်ပတ်သက်၍ မိမိတို့ပြည်ပတွင်ရောက်ရှိ ပညာသင်ကြားနေချိန်နှင့် တာဝန်ထမ်းဆောင်နေချိန်များတွင် အားလပ်ချိန်များ၌ ရောက်ရှိနေသည့်နိုင်ငံ၏ ဘာသာစာပေများကို အမြဲမပြတ်လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ ထိုသို့ဘာသာစာပေများ လေ့လာတတ်မြောက်ထားခြင်းသည် တစ်ချိန်ချိန်တွင် မိမိတို့အတွက် မလွဲမသွေ အကျိုးရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဘာသာစကားတတ်ကျွမ်းမှုမှတစ်ဆင့် မိမိတို့ဆက်ဆံဆောင်ရွက်ရသည့် နိုင်ငံများနှင့် ရင်းနှီးမှုများရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု တိုးတက်စေမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးကြရန် လိုကြောင်း၊ အလားတူ မိမိတို့အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ကြရန်လည်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး အဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံအမတ်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာ-ကမ္ဘောဒီးယား ချစ်ကြည်ရေးအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOURKRY အား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်းမန်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒများနာယူကြည်ညိုသည်။ ဆက်လက်၍ ဆရာတော်ကြီးက မြန်မာ-ကမ္ဘောဒီးယားချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပုန်စပူးပြည်နယ် ဥဒေါင်းဒေသ အမ်ပါယ်ရောင်ကျေးရွာတွင် အေးငြိမ်းချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း (International Peace Cambodia-Myanmar Dormitory)တည်ဆောက်လျက်ရှိမှု အခြေအနေကို ရှင်းလင်းမိန့်ကြားရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မေးမြန်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် စုပေါင်းလှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်သမ္မတထံ မြန်မာ-ကမ္ဘောဒီးယား ချစ်ကြည်ရေးအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ ဗုဒ္ဓတက္ကသိုလ် ကျောင်းပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြပြီး ဗုဒ္ဓတက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

⚐ **ရှေ့ဖုံးမှအဆက်**

ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်တို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ် ဘုရားကျောင်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်အတွင်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားရှိမှု၊ ကျောက်ဆစ်ရုပ်တုများ၊ နံရံများပေါ်တွင် ထွင်းထုထားသည့် ရှေးခမာလူမျိုးတို့၏ နေ့စဉ်လူမှုဘဝ၊ ဈေးဝယ်ခြင်း၊ အခမ်းအနားများ၊ စစ်ပွဲများနှင့် လူမှုဘဝအခြေအနေကို အသေးစိတ်ပုံဖော်ထားသည့် ကျောက်ပန်းပုလက်ရာများ၊ ခမာလူမျိုးတို့ ကိုးကွယ်ခဲ့သည့် ဘုရားဆင်းတုတော်များကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြပြီး အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေတာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အန်ကောဝပ်ဘုရားကျောင်းတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတက အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တာဝန်ခံအား အမှတ်တရလက်ဆောင်နှင့် တာဝန်ရှိသူတစ်ဦးကို အန်ကောယဉ်ကျေးမှုနယ်မြေရှိ ဘုန်းတော်ကြီးကျောင်းတွင် ကိုးကွယ်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကျုံးကြီးပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ရှေးဟောင်းသမိုင်းဝင် ဘေရွန်ဘုရားကျောင်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘေရွန်ဘုရားကျောင်းတော်အတွင်းလှည့်လည်၍ ရှေးဟောင်းလက်ရာများ၊ ကျောင်းနံရံများပေါ်ရှိ ခမာအင်ပါယာခေတ်စစ်ရေး၊ ယဉ်ကျေးမှုနှင့် နေ့စဉ်လူမှုဘဝများကို ပုံဖော်ထုဆစ်ထားသည့် ကျောက်ပန်းပုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘေရွန်ဘုရားကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ် ဘုရားကျောင်းတော်နှင့် ဘေရွန် ဘုရားကျောင်းတော်တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနောက်မြောက်ပိုင်း ဆီရမ်ရိပ်ပြည်နယ် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိပြီး အဆိုပါအန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့အကြီးဆုံး သမိုင်းဝင် နယ်မြေတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကျော်အန်ကောဝပ်၊ ကျောက်မျက်နှာတော်များဖြင့် လေးမျက်နှာဘုရား(ဘေရွန်ကျောင်းတော်)နှင့် သစ်မြစ်များတွယ်ကပ်နေသည့် တာပရွှန်ကျောင်းတော်တို့သည် အလွန်ထင်ရှားပြီး သမိုင်းဝင် UNESCO စာရင်းဝင် နေရာများဖြစ်ကြောင်း။

အန်ကောဝပ် ဘုရားကျောင်းတော်ကို ၁၂ ရာစုအစောပိုင်းတွင် ဒုတိယမြောက် သူရိယဝရမန်မင်း(Suryavarman II) က ဟိန္ဒူဘာသာရှိ ဗိဿနိုးနတ်ဘုရား (Vishnu) အား ပူဇော်ရန်အတွက်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကျောင်းတော်အဖြစ်သို့ ပြောင်းလဲခဲ့ပြီး စထရိန်ထရဝါမန်မင်း (Srindravarman - ၁၂၉၅ မှ ၁၃၀၇ ထိ စိုးစံခဲ့သူ) လက်ထက်တွင် ခမာအင်ပါယာ၏ နိုင်ငံတော်ဘာသာအဖြစ် ထေရဝါဒ ဗုဒ္ဓဘာသာကို စတင်ပြောင်းလဲသတ်မှတ်ခဲ့ရာတွင် အန်ကောဝပ်ကျောင်းတော်ကြီးသည် ဟိန္ဒူဘုရားကျောင်းအဖြစ်မှ ဗုဒ္ဓဘာသာကျောင်းတော်အဖြစ် ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပြီး ယခုအခါကမ္ဘာ့အကြီးဆုံး ဘာသာရေးအဆောက်အအုံအဖြစ် စံချိန်ဝင်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတော်အလံပေါ်တွင်ပင် အမှတ်အသားအဖြစ်ပါရှိကြောင်း၊ ဘေရွန်ကျောင်းတော်သည်လည်း ၁၂ ရာစုအကုန် ၁၃ ရာစုအစောပိုင်းတွင် ခုနစ်ယောက်မြောက် ဇယဝရမန်မင်း (Jayavarman VII) က မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ ကျောင်းတော်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘေရွန်ကျောင်းတော်၏ အထင်ကရအဓိကသင်္ကေတမှာ ကျောက်မျှော်စင်များပေါ်တွင် ထုဆစ်ထားသည့် ကြီးမားသော မျက်နှာတော်များဖြစ်ကြောင်း၊ မျှော်စင်ပေါင်း ၅၄ ခုတွင် အရပ်လေးမျက်နှာသို့ မူထားသည့် မျက်နှာတော် ၂၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ မျှော်စင် ၃၇ ခုခန့် ကျန်ရှိနေသေးကြောင်း၊ ကျောင်းတော်၏ အတွင်းအပြင်နံရံများတွင် အလွန်အသေးစိတ်ပြီး လှပသော ခမာပြည်သူတို့၏ ရှေးခေတ်နေ့စဉ်လူမှုဘဝ၊ ကုန်သွယ်မှုနှင့်စစ်ပွဲသမိုင်းများကို ကျောက်ဆစ်ရုပ်ကြွများဖြင့် အသေးစိတ်ပုံဖော်ထားရှိသောကြောင့် သမိုင်းတန်ဖိုး အလွန်ကြီးမားသည့် ရှေးဟောင်းဘုရားကျောင်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit)သွားရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဆီရမ်ရိ ပြည်နယ်အုပ်ချုပ်ရေးမှူး H. E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာ စစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုဝင်များက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယား အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ကမ်း၍လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာ မိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများကြား၊ လွှတ်တော်များကြားနှင့် ပြည်သူများကြားအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကိစ္စရပ်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံရှိ သမိုင်းဝင်အထင်ကရနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ ပို့ဆောင်နှုတ်ဆက်စဉ်။

# မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဂတိတရားကင်းရှင်းမှုဖြင့် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားရေး၊ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့်လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင် အငြှမပြောက် သမိုင်းဝင်ခရီးစဉ်


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီရဲ့ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းမှာ စတင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Act East Policy ကို ကျင့်သုံးနေတဲ့ အိန္ဒိယနိုင်ငံနဲ့ အာဆီယံ ပင်မကုန်းမြေနိုင်ငံတွေ၊ တရုတ်နိုင်ငံတို့ကို အကောင်းဆုံး ချိတ်ဆက်ပေးနိုင်ရုံ တင်မကဘဲ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားတဲ့ မြန်မာ့ကမ်းရိုးတန်းက ရေနက်ဆိပ်ကမ်းတွေဟာဆိုရင်လည်း အရှေ့-အနောက် စီးပွားရေးစင်္ကြံကြီးရဲ့ အနောက်ဘက်မုခ်ဦးတွေ ဖြစ်လာနိုင်ပါတယ်။နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ရက်ပေါင်း ၁၅၀ ခန့် ကာလအတွင်းမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ ဖိတ်ကြားချက်တွေအရ တရားဝင်ခရီးစဉ်တွေ သွားရောက်ခဲ့တဲ့အထဲမှာ ကမ္ဘောဒီးယားနိုင်ငံက အငြှမပြောက်နိုင်ငံ ဖြစ်လာပါတယ်။ အခုလို နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်တွေဟာ နှစ်နိုင်ငံခေါင်းဆောင်တွေနဲ့ ပြည်သူတွေကြား ရင်းနှီးချစ်ကြည်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ နှစ်ဖက်အကျိုးစီးပွားတွေကို ပိုမိုတိုးမြှင့်ပေးနိုင်ဖို့အတွက် အလွန်တရာအရေးပါတဲ့ သမိုင်းဝင်ခရီးစဉ်တွေအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။

မြန်မာနဲ့ ကမ္ဘောဒီးယားရဲ့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးက အခုဆိုရင် ၇၁ နှစ်တောင် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာလည်း ချစ်ကြည်ရင်းနှီးမှုတွေက ဆက်လက်ရှင်သန်နေဆဲဖြစ်ပါတယ်။ အရှေ့တောင်အာရှ ပင်မကုန်းမြေမှာ တည်ရှိကြတဲ့အတွက် ဘာသာရေး ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းနဲ့ယဉ်ကျေးမှုတွေမှာ အချင်းချင်း နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်နေသလို ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာလည်း တစ်ဖက်နဲ့တစ်ဖက် အမြဲတမ်း အပြန်အလှန် ရပ်တည်ထောက်ခံလာခဲ့ကြပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းတဲ့နေရာမှာ အရှိန်အဟုန်ကောင်းတွေ ရရှိနေပြီဖြစ်လို့ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွေကနေ နှစ်ဖက်ပြည်သူတွေအတွက် ပိုပြီး အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

**ဖနောင်ပင်မြို့တော်သို့ ရောက်ရှိခြင်းနှင့် နွေးထွေးသည့်ကြိုဆိုမှုများ**

မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အောင်မြင်စွာ ဆင်းသက်ရောက်ရှိခဲ့ပါတယ်။ လေဆိပ်မှာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်တဲ့ အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးတွေ၊ သံအမတ်ကြီးတွေ၊ စစ်သံမှူးနဲ့ မိသားစုဝင်တွေက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (၁၁-၉-၂၀၂၆)

ကမ္ဘောဒီးယားနိုင်ငံဟာ အရှေ့တောင်အာရှရဲ့ သမိုင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး မြို့တော် ဖနောင်ပင်က မဲခေါင်မြစ်နဲ့ တုံလေသပ်မြစ်ဆုံရာမှာ တည်ရှိနေပြီးတော့ ယခုလို စက်တင်ဘာလရဲ့ မိုးရာသီကာလတွေမှာ စိမ်းလန်းစိုပြည်ပြီး သာယာတဲ့ ရာသီဥတုအခြေအနေကို ပိုင်ဆိုင်ထားပါတယ်။ လေဆိပ်ကြိုဆိုရေးအခမ်းအနားမှာ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီတစ်ဖက်တစ်ချက်မှ အလေးပြုခြင်း၊ ကလေးငယ်လေးများက ပန်းစည်းကမ်းခြင်းနဲ့ ပြည်သူများက နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးရဲ့ ဓာတ်ပုံများကို ကိုင်ဆောင်ပြီး ဂုဏ်ပြုပန်းစည်းများဝေ့ယမ်းကာ နွေးထွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (၁၁-၉-၂၀၂၆)

**ယခုလို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ကမ္ဘောဒီးယားနိုင်ငံကိုသွားရောက်ခဲ့တဲ့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ဟာ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံကြား သံတမန်ရေးရာသမိုင်းမှာ အထူးအရေးပါတဲ့ သစ်လွင်တဲ့ အခန်းကဏ္ဍသစ်တစ်ခုကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ပြည်သူတွေကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ကဏ္ဍပေါင်းစုံမှာ ယုံကြည်မှု အပြည့်နဲ့ လက်တွဲဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာခဲ့ . . .**

လှိုက်လှဲစွာကြိုဆိုနေတဲ့ မြင်ကွင်းဟာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းပြသလျက်ရှိနေပါတယ်။

**နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် သမိုင်းနောက်ခံအကျဉ်း**

မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ နယ်နိမိတ်ချင်း တိုက်ရိုက်မထိစပ်ကြပေမယ့် ရှေးဟောင်းယဉ်ကျေးမှု၊ ကိုးကွယ်ရာ ဗုဒ္ဓဘာသာနဲ့ တူညီတဲ့ဓလေ့ထုံးတမ်းစဉ်လာတွေကြောင့် ရုပ်ပိုင်းဆိုင်ရာထက် ပိုမိုနက်ရှိုင်းတဲ့ သံတမန်ရေးရာဆက်နွှယ်မှုများ ခိုင်မာစွာတည်ရှိခဲ့ကြပါတယ်။ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးဟာ ရှည်လျားခိုင်မာခဲ့ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း အပြန်အလှန်လေးစားမှု၊ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အတူတကွ ရပ်တည်ထောက်ခံမှုတွေက သံတမန်ရေးကို ပိုမိုတောက်ပစေခဲ့ပါတယ်။

သမိုင်းကြောင်းအရ နှစ်နိုင်ငံစလုံးဟာ ကိုလိုနီ လက်အောက်ခံဘဝတွေကို ဖြတ်သန်းခဲ့ကြရပြီး လွတ်လပ်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ရတဲ့ တူညီတဲ့အတွေ့အကြုံတွေရှိကြပါတယ်။ လက်ရှိကာလတွေမှာလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့သာမက မဲခေါင်-လန်ချန်း၊ CLMV နဲ့ ACMECS လိုမျိုး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမူဘောင်တွေမှာ အပြန်အလှန်လက်တွဲပြီးအပြုသဘောဆောင်တဲ့ မိတ်ဖက်ဆက်ဆံရေးကို အစဉ်တစိုက် ဖော်ဆောင်လျက်ရှိပါတယ်။

**ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးခြင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကမ္ဘောဒီးယားဘုရင်မင်းမြတ်ရဲ့ကိုယ်စား ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်က ညီညွတ်ရေးနန်းတော်မှာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ ခမ်းနားထည်ဝါစွာ ကြိုဆိုခဲ့ပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာလည်း ဒေသခံပြည်သူတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေက နှစ်နိုင်ငံအလံငယ်တွေကို ကိုင်ဆောင်ပြီး နွေးထွေးစွာ ကြိုဆိုခဲ့ကြသလို စစ်တီးဝိုင်းတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ဂုဏ်ပြုခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ ခေတ္တနိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲအောင်မြင်မှုအပေါ် ဝမ်းမြောက်မိပါကြောင်းနဲ့ ယခုခရီးစဉ်က နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ကမ္ဘောဒီးယား ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီးတို့အတွက် ကျန်းမာရေးဆုမွန်ကောင်းတောင်းစကား ပါးအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ချိန်နဲ့ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်က မိတ်ဆွေကောင်းပီသစွာ ဖေးမကူညီခဲ့မှုတွေကို အထူးကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

**နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းကိစ္စရပ်များဆွေးနွေးခြင်း**

နှစ်ဖက်ခေါင်းဆောင်တွေဟာ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်(JCBC)ယန္တရားကို ပြန်လည်စတင်ဖို့၊ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန် စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဖို့ ကိစ္စရပ်တွေကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့ပြင် ယခုနှစ်မှာ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ ACMECS ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကိုလည်း အလေးထားဖလှယ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ဆောင်ရွက်နေမှုတွေနဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှု၊ လောင်းကစားမှုတွေ ပပျောက်ရေးအတွက် ထိထိရောက်ရောက် ရှင်းလင်း ဆောင်ရွက်နေမှုတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နဲ့ ပြည်သူတွေကြား ချစ်ကြည်ရင်းနှီးမှုကိုတိုးမြှင့်ပြီး ဘက်မလိုက်တဲ့ လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်သွားမယ်လို့ အတည်ပြုခဲ့ကြပါတယ်။

**ဂုဏ်ပြုနေ့လယ်စာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေတင်ဆက်မှုများ**

တရားဝင်ဆွေးနွေးပွဲတွေ ပြီးဆုံးချိန်မှာ

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

နိုင်ငံတော်သမ္မတနဲ့ အဖွဲ့ဝင်တွေကို ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနဲ့ အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့ကလည်း နှစ်နိုင်ငံရဲ့ ရိုးရာတေးသီချင်းတွေနဲ့ ယဉ်ကျေးမှုအကအလှတွေကို အနုပညာမြောက်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြပါတယ်။

အဆိုပါဂုဏ်ပြုဧည့်ခံပွဲဟာ နှစ်နိုင်ငံခေါင်းဆောင်တွေကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်စေရုံသာမက နှစ်နိုင်ငံ ယဉ်ကျေးမှုနဲ့ အနုပညာဖလှယ်ရေး မိတ်ဖက်ဆက်ဆံမှုကိုပါ ပုံဖော်ပြသနိုင်ခဲ့တဲ့ အခမ်းအနားတစ်ခုလည်း ဖြစ်ပါတယ်။ နေ့လယ်စာစားပွဲ ပြီးဆုံးချိန်မှာတော့ ခေတ္တနိုင်ငံတော်အကြီးအကဲက နိုင်ငံတော်သမ္မတကြီးကို ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး သာယာပျော်ရွှင်စရာကောင်းတဲ့ ဖနောင်ပင်မြို့ရဲ့ မွန်းလွဲပိုင်းအချိန်တွေကို ဖြတ်သန်းခဲ့ကြပါတယ်။

**လွတ်လပ်ရေး ကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တု၌ ပန်းခွေချအလေးပြုခြင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ဖနောင်ပင်မြို့ရှိ သမိုင်းဝင်လွတ်လပ်ရေးကျောက်တိုင်နဲ့ ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံ မဏ္ဍပ်တို့ဆီ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင်သွားရောက်ပြီး လွှမ်းသူ့ပန်းခွေတွေချကာ အလေးပြုခဲ့ပါတယ်။ လွတ်လပ်ရေးကျောက်တိုင်ဆီ ရောက်ရှိချိန်မှာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အမျိုးသားလုံခြုံရေးဝန်ကြီး H.E. Mr. TEA Seiha က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့ရဲ့ အလေးပြုမှုကို ခံယူခဲ့ပါတယ်။

အဆိုပါ လွတ်လပ်ရေးကျောက်တိုင်ကို ပြင်သစ်ကိုလိုနီလက်အောက်ကနေ ၁၉၅၃ ခုနှစ်မှာ လွတ်လပ်ရေးရရှိခဲ့တဲ့ အထိမ်းအမှတ်အဖြစ် ၁၉၅၈ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောက်တိုင်ရဲ့ အရှေ့ဘက်ပန်းခြံအတွင်းရှိခေါင်းလောင်းပုံမဏ္ဍပ်မှာ ၂၀၁၂ ခုနှစ်က နတ်ရွာစံခဲ့တဲ့ နိုင်ငံရဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဘုရင်သီဟာနုရဲ့ ရုပ်တုတော်ကို ၂၀၁၃ ခုနှစ်မှာ ဆောက်လုပ်ထားရှိခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံခြားခေါင်းဆောင်တွေရဲ့ သံတမန်ရေးရာခရီးစဉ်တွေမှာ လွှမ်းသူ့ပန်းခွေချ အလေးပြုကြလေ့ရှိပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (၁၁-၉-၂၀၂၆)

**ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နဲ့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်း**

နိုင်ငံတော်သမ္မတကြီးဟာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံးဆီ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရောက်ရှိခဲ့ပြီး ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နဲ့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်က မြန်မာနိုင်ငံဟာ မိမိတို့ရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်က သမ္မတကြီးရဲ့ ယခင်ခရီးစဉ်ကို အမှတ်ရနေဆဲဖြစ်ကြောင်းနဲ့ ယခုဆွေးနွေးပွဲက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေကို ပိုမိုမြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံတော် သမ္မတကြီးကလည်း ဖနောင်ပင်မြို့ရဲ့ ခေတ်မီတိုးတက်လာတဲ့ မြို့ပြစနစ်ကို ချီးကျူးဂုဏ်ပြုခဲ့ပြီး ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီးမှာ ကမ္ဘောဒီးယားနိုင်ငံက လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ ပေးအပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကိုလေ့လာဖို့ ကမ္ဘောဒီးယားဘက်က ရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်တွေကို စေလွှတ်ပေးခဲ့မှုအပေါ် အသိအမှတ်ပြုကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၁၁-၉-၂၀၂၆)

**ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း**

ဆွေးနွေးပွဲတွေ ပြီးဆုံးချိန်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ကြား နှစ်နိုင်ငံအစိုးရနဲ့ ကဏ္ဍအလိုက်တာဝန်ရှိသူတွေ ရှေ့မှောက်မှာ သဘောတူစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးလဲလှယ်ကြတဲ့ အခမ်းအနားကို အောင်မြင်စွာ ဆက်လက်ကျင်းပခဲ့ကြပါတယ်။ ဒီလို လက်မှတ်ရေးထိုးခဲ့ကြရာမှာ ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်ရေးနဲ့ အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်လည်း ပါဝင်ခဲ့ပါတယ်။

ဒါ့ပြင် အခွန်နှစ်ထပ်ကျသင့်မှုကနေ ရှောင်ရှားရေးဆိုင်ရာ သဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နဲ့ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတွေကို နှစ်နိုင်ငံသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေနဲ့ တာဝန်ရှိသူတွေက လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေဟာ နှစ်နိုင်ငံကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနဲ့ ပြန်ကြားရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုကို ဥပဒေကြောင်းအရ ပိုမိုခိုင်မာစေမယ့် အရေးပါတဲ့ မှတ်တိုင်တစ်ခု ဖြစ်လာခဲ့ပါတယ်။

သမိုင်းကြောင်းတစ်လျှောက် ကိုလိုနီလက်အောက်ခံဘဝကို အတူတကွ ဖြတ်သန်းခဲ့ကြဖူးတာတွေနဲ့အတူ အခုလို အဆင့်မြင့်ခရီးစဉ်တွေနဲ့ ကဏ္ဍစုံစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တာက နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နဲ့ ပြည်သူတွေကြား အပြန်အလှန်ယုံကြည်မှုကို ပိုပြီးခိုင်မာစေခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (၁၁-၉-၂၀၂၆)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday နှင့် တွေ့ဆုံဆွေးနွေးခြင်း**

နိုင်ငံတော်သမ္မတကြီးဟာ ဒေသစံတော်ချိန် ညနေ ၅ နာရီမှာတော့ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် အဆောက်အအုံဆီ ရောက်ရှိခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday နဲ့ အစည်းအဝေးခန်းမမှာ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနဲ့ လွှတ်တော်နှစ်ရပ်ကြား ဆက်ဆံရေး တိုးမြှင့်လိုကြောင်း ဆွေးနွေးဖော်ပြခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ဥပဒေပြုရေးနဲ့ ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံတွေကို အပြန်အလှန်မျှဝေဖို့နဲ့ လွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရေးအသင်းတွေ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားဖို့ သဘောတူညီခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ အာဆီယံဒေသတွင်းနိုင်ငံတွေအပြင် နိုင်ငံတကာဆက်ဆံရေးကို အလေးထားဆောင်ရွက်နေမှုတွေနဲ့ အမျိုးသမီးတွေနဲ့ လူငယ်တွေရဲ့ အခန်းကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ချက်တွေကိုလည်း အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

**နှစ်နိုင်ငံဆက်ဆံရေးနှင့် အနာဂတ်အလားအလာ**

ယခုလို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ကမ္ဘောဒီးယားနိုင်ငံကိုသွားရောက်ခဲ့တဲ့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ဟာ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံကြား သံတမန်ရေးရာသမိုင်းမှာ အထူးအရေးပါတဲ့ သစ်လွင်တဲ့ အခန်းကဏ္ဍသစ်တစ်ခုကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ပြည်သူတွေကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ကဏ္ဍပေါင်းစုံမှာ ယုံကြည်မှုအပြည့်နဲ့ လက်တွဲဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။

အနှစ်ချုပ်အားဖြင့် သုံးသပ်ဖော်ပြရမယ်ဆိုရင် ယခုလို အိမ်နီးချင်းကောင်းမိတ်ဖက်နိုင်ငံတွေနဲ့ အဆင့်မြင့်ခရီးစဉ်တွေ အပြန်အလှန်ဖလှယ်ခြင်း၊ စာချုပ်စာတမ်းတွေချုပ်ဆိုခြင်းနဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားတွေကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းတို့က မြန်မာနိုင်ငံရဲ့ နိုင်ငံတကာမျက်နှာစာမှာ ရှိရင်းစွဲဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်မယ့်အပြင် ပြည်တွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြီးမားတဲ့ အထောက်အကူများ မလွဲကေန်ဖြစ်ထွန်းလာစေမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ရဲခေါင်**

# ယာယီပိတ်သိမ်းမည့် Teng Hui (Myanmar) Knitting Co., Ltd (သိုးမွေးစက်ရုံ) အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရေးတို့အတွက် လုပ်သားလိုအပ်သည့် အခြားစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ လုပ်သားဦးရေ ၂၆၁၀ ဖြင့် လုပ်ကိုင်သည့် Teng Hui (Myanmar) Knitting Co., Ltd (သိုးမွေးစက်ရုံ)သည် အော်ဒါနည်းပါးမှုကြောင့် ယာယီပိတ်သိမ်းမည့်အပေါ် အလုပ်သမားများအလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရေးတို့အတွက် အလုပ်ပြောင်းရွှေ့လုပ်ကိုင်လိုသော လုပ်သားအင်အား ၂၃၅၅ ဦးကို လိုအပ်သည့်အခြားစက်ရုံများတွင် ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေးအတွက် ကူညီချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အဆိုပါစက်ရုံသို့ သွားရောက်ပြီး စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများနှင့်တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လေးစားလိုက်နာနိုင်ရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ Apex Plus Garment Co., Ltd အထည်ချုပ်စက်ရုံနှင့် Tri-Win Leather Co.,Ltd အထည်ချုပ်စက်ရုံတို့ကို သွားရောက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်၊ အလုပ်သမားများနှင့်တွေ့ဆုံပြီး အလုပ်သမားရေးရာကိစ္စရပ်များ ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါအထည်ချုပ်စက်ရုံ နှစ်ရုံမှ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမား၂၁၂၂ ဦးတို့ကို အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များ ပါဝင်သော ရွေ့လျားဆေးကုသယာဉ်နှင့် ရွေ့လျားဆေးကုသရေးအဖွဲ့ဖြင့် လိုအပ်သော ဆေးကုသမှုနှင့် ဆေးဝါးထောက်ပံ့ပေးအပ်မှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် ECG ဖြင့် နှလုံးစစ်ဆေးခြင်းများ၊မျက်စိစစ်ဆေးမှုများကို လုပ်ငန်းခွင်အရောက်ဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးသည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၀၃၂၂၇၁ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၃ ခန်း၊ Fee for service စာချုပ်ဆေးခန်း ၅၂ ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ ရွေ့လျားဆေးကုသယာဉ်များဖြင့် ဆေးကုသမှုဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရှိ အာမခံအလုပ်သမားများအတွက် စိုက်ထုတ်ကုန်ကျခဲ့သော ဆေးဖိုးကုန်ကျစရိတ်များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၉၇၄ ဒသမ ၃၉၆ သန်းနှင့် ၂၀၂၆ ခုနှစ် ဧပြီမှ ဇူလိုင်လထိ ငွေကျပ် ၁၅၄၀ ဒသမ ၈၈၂ သန်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့မှာ ကျွန်မတို့နိုင်ငံ မူလအတိုင်းပြန်လည်ပြီး တက်တက်ကြွကြွ ပါဝင်လာစေဖို့ အပြည့်အဝထောက်ခံ ...

**ဒေါက်တာခိုင်ခိုင်စိုး**



ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။** ။ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့ပြီးတဲ့နောက် နိုင်ငံတော်အဆင့်ခရီးစဉ်တွေ အောင်မြင်စွာ သွားရောက်ခဲ့တယ်။ အခု ကမ္ဘောဒီးယားနိုင်ငံက ရှစ်နိုင်ငံမြောက် နိုင်ငံတော်အဆင့် ခရီးစဉ်ဖြစ်ပါတယ်။ အောင်မြင်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် ခရီးစဉ်အောင်မြင်မှုတွေထဲက ထူးခြားတဲ့ အချက်တွေကို သိပါရစေ။

**ဖြေ။** ။ နိုင်ငံတော်သမ္မတကြီးက သမ္မတအဖြစ် တာဝန်ယူပြီးတဲ့အချိန်ကစပြီး ရှစ်နိုင်ငံမြောက်သွားရောက်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ လေးနိုင်ငံမြောက်ပါ။ အထူးသဖြင့် ကုန်းတွင်း ကုန်းမြေရှိတဲ့ ဆက်စပ်နေတဲ့ အာဆီယံနိုင်ငံတွေပါ။ အထူးခြားဆုံး အောင်မြင်မှုနှစ်ခုကို ပြောရမယ်ဆိုရင် ပထမတစ်ခုက ကြိုဆိုတာပါ။ ဒီကြိုဆိုတဲ့နေရာမှာ လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးနဲ့ တကယ့်ကို မိသားစုအရင်းအချာတစ်ယောက် ကိုယ့်အိမ်ကို ပြန်လာတဲ့ပုံစံမျိုးနဲ့ ကြိုဆိုတာပါ။တကယ်တော့ ဒါက State Visit ပါ။ State Visit မှာ နိုင်ငံတော်အကြီးအကဲတစ်ယောက် ကိုယ့်နိုင်ငံကို လာရောက်တဲ့အချိန်မှာ ကြိုတဲ့ပုံစံမျိုးထက် ထူးကဲပြီးတော့ ကိုယ့်မိသားစုအရင်းအချာ အိမ်ကိုပြန်လာတဲ့ပုံစံမျိုးနဲ့ လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ပြီးတော့ ကြိုဆိုတဲ့ ပြည်သူတွေကလည်း တကယ့်ကို လှိုက်လှဲနွေးထွေးတာကို တွေ့ရပါတယ်။

ဒုတိယတစ်ချက်ကတော့ ရပ်တည်ချက်ပါ။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ အာဆီယံမှာ မြန်မာနိုင်ငံကို ဖယ်ကြဉ်ထားတာမျိုး၊ အဆင့်နှိမ့်ပြီး ဆက်ဆံတာမျိုး ဒါကို လုံးဝလက်မခံပါဘူး။ မြန်မာနိုင်ငံက အာဆီယံမိသားစုတွေထဲမှာ ဆက်ပြီးတော့ တည်ရှိရပါမယ်ဆိုပြီး ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာ ပြောသွားပါတယ်။ ဒီလိုပြောတာက အခုလို အခြေအနေမျိုးမှာ မြန်မာနိုင်ငံအတွက် တကယ့်အားတက်စရာ အနေအထားမျိုးဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

**မေး။** ။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံတဲ့အချိန်မှာ အာဆီယံဒေသတွင်းမှာ မြန်မာနိုင်ငံဘက်ကနေ အစဉ်အမြဲ ရပ်တည်ပေးမယ်လို့ ပြောခဲ့တာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကမ္ဘောဒီးယားနိုင်ငံက အစဉ်အမြဲ အားပေးထောက်ခံပြီး ဆောင်ရွက်ပေးမယ်လို့ ပြောတာလည်းရှိပါတယ်။ လက်ရှိခရီးစဉ်က အာဆီယံအရေး၊ ငြိမ်းချမ်းရေး၊ သံတမန်ရေးအတွက် ဘယ်လောက်ထိ အောင်မြင်မှုတွေရရှိခဲ့တယ်ဆိုတာလဲ သိပါရစေ။

**ဖြေ။** ။ ဒီခရီးစဉ်မှာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ မစ္စတာ ဆမ်ဒက်ဟွန်ဆင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဝန်ကြီးချုပ်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုတိုင်းမှာ နိုင်ငံ့အကြီးအကဲတွေက ကျွန်မတို့နိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံတယ်လို့ ပြောတယ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကိုလည်း အားပေးတယ်။ အာဆီယံမှာ၊ နိုင်ငံတကာအသိုက်အဝန်းမှာ ပြန်လည်ဝင်ဆံ့ဖို့၊ သင့်မြတ်ဖို့ ကျွန်မတို့ ကြိုးစားနေတဲ့ လုပ်ဆောင်ချက်တွေကိုလည်း အသိအမှတ်ပြုပါတယ်။

ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့မှာ ကျွန်မတို့နိုင်ငံ မူလအတိုင်းပြန်လည်ပြီး တက်တက်ကြွကြွပါဝင်လာစေဖို့ အပြည့်အဝထောက်ခံသွားမယ်၊ နိုင်ငံတကာမျက်နှာစာမှာလည်း အပြည့်အဝထောက်ခံသွားမယ်။ ဒီလိုအနေအထားတွေက အာဆီယံသုံးနိုင်ငံ သွားခဲ့တုန်းကလည်း ဒီအတိုင်းပါပဲ။ အခု လေးနိုင်ငံမြောက်မှာလည်း သုံးနိုင်ငံ သွားခဲ့တုန်းကလို ဒီအတိုင်း ကျွန်မတို့ကို ပြောခဲ့ပါတယ်။ အခု စတုတ္ထမြောက်နိုင်ငံမှာလည်း အာဆီယံနဲ့ ပတ်သက်လို့ အပြည့်အဝထောက်ခံသွားမယ်၊ ကျွန်မတို့ရဲ့ ရပ်တည်ချက်၊ မြန်မာနိုင်ငံအတွက် မြန်မာ့နည်းလမ်းနဲ့ သွားမယ်ဆိုတဲ့ ရပ်တည်ချက်ကို အပြည့်အဝထောက်ခံပါတယ်ဆိုပြီး ပြောသွားတာပါ။ ဒါက ကျွန်မတို့နိုင်ငံ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ၊ နောက်တစ်ခါ အာဆီယံနဲ့ ပြန်လည်ပေါင်းစည်းရေးကိစ္စတွေမှာ အများကြီး အထောက်အကူဖြစ်တယ်ဆိုတာ ပြောလိုပါ တယ်။

**မေး။** ။ နိုင်ငံတော်သမ္မတကြီးရဲ့ ကမ္ဘောဒီးယားနိုင်ငံခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် လက်တွေ့အကျိုးရလဒ်အနေနဲ့ အမြန်ဆုံးတွေ့မြင်ရမယ့်အချက်ကိုလည်း သိပါရစေ။

**ဖြေ။** ။ လက်တွေ့ အမြန်ဆုံး တွေ့မြင်ရမယ့်အချက်ကတော့ ဟိုတယ်၊ ခရီးသွားလုပ်ငန်းပါ။ Siem Reap နဲ့ ပုဂံဒေသက ညီအစ်မမြို့တော် (Sister City)ပါ။ဒါကို ဆက်ပြီး ဆောင်ရွက်သွားဖို့၊ နောက်တစ်ခါ Two Countries, One Destination ကိုလည်း ဆက်ပြီးအကောင်အထည်ဖော်သွားဖို့ သဘောတူညီချက်ရရှိခဲ့ပါတယ်။

တိုက်ရိုက်လေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းဖို့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်ပစ္စည်းတချို့၊ နောက်တစ်ခါ စက်မှုထွက်ကုန်ပစ္စည်းတချို့ ကမ္ဘောဒီးယားနိုင်ငံကို ကုန်သွယ်မှုလုပ်ဖို့၊ တင်ပို့ဖို့အတွက်လည်း ဆွေးနွေးခဲ့တာရှိပါတယ်။

နောက်တစ်ချက်က နိုင်ငံတော်သမ္မတကြီးက ဟိုချီမင်းကနေ ဖနောင်ပင်၊ ဖနောင်ပင်ကနေ ဗန်ကောက်၊ ဗန်ကောက်ကနေမှ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ဒီအပေါ်မှာ လမ်းကြောင်းဆွဲပြီးရင် အိန္ဒိယသမုဒ္ဒရာနောက်ဘက် ထွက်ပေါက်ကို တိုက်ရိုက်ဒေသတွင်းနိုင်ငံတွေ ဖြတ်သန်းသွားလို့ရမယ့် လမ်းကြောင်းကို Propose လုပ်ခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အိန္ဒိယနိုင်ငံကို ပစ္စည်းတွေ ပို့ချင်တယ်၊ အိန္ဒိယနိုင်ငံကနေ ပစ္စည်းတွေ သွင်းချင်တယ်၊ ကုန်သွယ်မှုလုပ်ချင်တယ်။ အဲဒီအတွက် ကုန်းလမ်းကြောင်းကို အသုံးပြုချင်တယ်။ ဒါကြောင့်မို့ ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်၊ ဆက်လက်ဆွေးနွေးပွဲမယ်ဆိုပြီး ဆွေးနွေးခဲ့ကြတာ ရှိပါတယ်။

**မေး။** ။ နိုင်ငံတော်သမ္မတအနေနဲ့ ထိုင်းနိုင်ငံကိုလည်း သွားရောက်ခဲ့ပြီးပြီ၊ အခုလည်း လေးနိုင်ငံမြောက် အာဆီယံနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားကို သွားရောက်ခဲ့တယ်။ လက်ရှိ ကမ္ဘောဒီးယားနဲ့ ထိုင်းနဲ့ ညှိနှိုင်းရမယ့် နယ်စပ်ပြဿနာအချို့ ရှိနေတယ်။ ဒီအပေါ်မှာ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို သိပါရစေ။

**ဖြေ။** ။ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့က နယ်စပ်ပြဿနာတွေရှိနေပါတယ်။ ဒါကို နိုင်ငံ့ခေါင်းဆောင်တွေ တွေ့ဆုံတဲ့အချိန်မှာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီးက အိမ်နီးချင်းဆိုတာ ရွေးချယ်လို့မရဘူး၊ နိုင်ငံကြီးကိုရွှေ့ပြောင်းပြီးတော့ ထွက်သွားလို့မရဘူး၊ အဲဒီတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်ဆံနေရမှာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် သည်းခံရပါမယ်။ နယ်စပ်ပြဿနာဆိုတာ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေမှာ အနည်းနဲ့အများရှိပါတယ်။ အရေးကြီးဆုံးကတော့ ဒါကို အကောင်းဆုံးဘယ်လိုဖြေရှင်းမလဲ၊ ညှိနှိုင်းဆွေးနွေးပြီးတော့မှ Joint Committee တွေဖွဲ့ပြီး အကောင်းဆုံးနည်းလမ်းနဲ့ ဖြေရှင်းသွားဖို့လိုပါတယ်။ အဓိကကတော့ ငြိမ်းချမ်းစွာ နယ်စပ်ပြဿနာကို ဖြေရှင်းကြပါဆိုပြီး တိုက်တွန်းပြောကြားခဲ့ပါတယ်။

နောက်တစ်ခုက East-West Corridor ပါ။ စီးပွားရေးအတွက် လမ်းမကြီးတွေ၊ ရထားလမ်းတွေ တည်ဆောက်ဖို့ ဆောင်ရွက်ရာမှာ ဒါက လေးနိုင်ငံ၊ ဗီယက်နမ်-ဟိုချီမင်းကနေ ကမ္ဘောဒီးယား ဖနောင်ပင်၊ အဲဒီကနေမှ ဗန်ကောက်ဆိုတော့ ဒါက နယ်စပ်ပြဿနာပြေလည်မှသာ ဒီလမ်းကြောင်းကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ရင် ဒေသတွင်း ရထားလမ်း၊ ကားလမ်း လမ်းကြောင်းဖြတ်တဲ့နေရာက နိုင်ငံတွေအားလုံး အကျိုးရှိမှာဖြစ်ပါတယ်။ စီးပွားရေးအရ၊ လူမှုရေးအရ၊ ဆက်ဆံရေးအရ၊ ယဉ်ကျေးမှုအရ အားလုံးအကျိုးရှိမှာ ဖြစ်တဲ့အတွက် နယ်စပ်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့၊ ဒေသတွင်း အကျိုးစီးပွားကိုကြည့်ပြီး ပြေပြေလည်လည်ဖြစ်အောင် ဆောင်ရွက်ဖို့တိုက်တွန်းခဲ့ပါတယ်။

သတင်းအဖွဲ့

# ၁၄ ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေထံမှ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တားဆီးနှိမ်နင်းခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ “နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကိုတားမြစ်သည်”ဟု အတိအလင်းပြဋ္ဌာန်းထားသည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ ၁၄ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာထိပါးဖျက်ဆီးနေသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက တိုက်ဖျက်နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ခေတ်ရေစီးကြောင်း ပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့်အတူ ယနေ့ခေတ် လူကုန်ကူးမှုပုံစံများသည် ပိုမိုနက်နဲဆန်းပြားလာပြီး အထူးသဖြင့် ဆိုက်ဘာနည်းပညာအသုံးချသော အွန်လိုင်းအခမ္မစေခိုင်းမှုများ၊ အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအတွက် စိန်ခေါ်မှုအသစ်ဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ လေးရပ်၊ အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းရေးဆွဲ၍ မဟာဗျူဟာ သုံးရပ်၊ နည်းဗျူဟာ လေးရပ်နှင့် လုပ်ငန်းကဏ္ဍလေးရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ပဉ္စမနှစ်ဖြစ်သည့် ၂၀၂၆ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime – UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း(ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုး၍လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း(Coordinated Mekong Ministerial Initiative against Trafficking – COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation–BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime–Bali Process)၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang–Mekong Integrated Law Enforcement and Security Cooperation Center–LMLECC) နှင့် အာဆီယံကဏ္ဍစုံလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၈) ဘိုဟိုးလုပ်ငန်းစီမံချက်(BOHOL TIP Work Plan 2.0) တို့တွင် ပူးပေါင်းပါဝင်၍လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများသို့ အခမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အခမ္မပြည့်တန်ဆာပြုလုပ်စေခြင်း၊ အခမ္မလုပ်အားစေခိုင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အခမ္မပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း စသည့်ဖြစ်စဉ်များ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ဖော်ထုတ်အရေးယူမှု ၈၃ မှုတွင် တရားခံ ၂၃၅ ဦး တရားစွဲတင်ပို့နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၄၃ ဦး ကယ်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှုများတွင် အခမ္မလက်ထပ်စေမှု ၆၃ ဒသမ ၈၆ ရာခိုင်နှုန်း၊ အခမ္မအလုပ်ခိုင်းစေမှု ၁၅ ဒသမ ၆၆ ရာခိုင်နှုန်း၊ ပြည့်တန်ဆာအဖြစ်အခမ္မပြုလုပ်စေမှု ၁၄ ဒသမ ၄၆ ရာခိုင်နှုန်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အခမ္မပြုလုပ်စေမှု ၄ ဒသမ ၈၂ ရာခိုင်နှုန်းနှင့်ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများထုတ်ယူမှု ၁ ဒသမ ၂၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် လူမှုကွန်ရက်ပလက်ဖောင်းများတွင် အလုပ်အကိုင်၊ ငွေကြေးမက်လုံးပေးသည့် ကြော်ငြာအတုများဖြင့် အယုံသွင်းစည်းရုံးခေါ်ဆောင်မှုများ၊ စနစ်တကျဂိုဏ်းဖွဲ့ကျူးလွန်သူများကို ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပြစ်ဒဏ်ချမှတ်မှုအနေဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၉ မှုတွင် တရားခံ ၁၂၂ ဦးအနက် ထောင်ဒဏ် ၂၅ နှစ် နှစ်ဦး၊ ထောင်ဒဏ် နှစ် ၂၀ ၃၃ ဦး၊ ထောင်ဒဏ် ၁၀ နှစ်နှင့်အထက် ၇၉ ဦး၊ ထောင်ဒဏ် ၁၀ နှစ်အောက် ရှစ်ဦးတို့ကို ထိုက်သင့်ပြစ်ဒဏ်များချမှတ်နိုင်ခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများ တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၂၃ မှုရှိခဲ့ပြီး တရားခံ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၉ ဦး စုစုပေါင်း ၇၃ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ပို့ဆောင်ခံရသူ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၅၉ ဦးတို့ကို ကူညီကယ်တင်ပေးနိုင်ခဲ့ပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား လူကုန်ကူးမှုအသိပညာပေး မှုခင်းသတင်း၊ ဆောင်းပါး၊ ကဗျာ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့ကို ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှု သတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများထိ ပြည်သူလူထုများ အသိပညာရရှိရေးအတွက် လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံစသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တရားမဝင်ရွှေ့ပြောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အခမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းများ ကြုံတွေ့နိုင်ကြောင်းနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် Whatsapp QR Code ၊ Viber QR Code များပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံရှိ သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အင်တာပိုလ်၏ National Central Bureau (NCB) လမ်းကြောင်းများမှတစ်ဆင့် အကူအညီ တောင်းခံလာမှုများနှင့်ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို ၎င်းတို့၏နိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နယ်စပ်ဒေသများရှိ တရားမဝင်အွန်လိုင်းလောင်းကစားရုံများ၊ ငွေကြေးလိမ်လည်မှု ပြုလုပ်ကြသော Online Scam လုပ်ငန်းများသို့ လိမ်လည်ခေါ်ယူခြင်းများကို အုပ်စုဖွဲ့ စနစ်တကျကျူးလွန်လာကြသည့်အတွက် တရားမဝင် ဝင်ရောက်မှုနှင့် လူကုန်ကူးမှုဖြစ်စဉ်များမှ တားဆီးကာကွယ်ရန် မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များ၊ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်များနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အသိပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တားဆီးအသိပညာပေးကာ နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သွေးဆောင်ခေါ်ယူခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအခမ္မခိုင်းစေခြင်း၊ လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းများအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာပိုင်းဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းစောင့်ကြည့်ခြင်း၊ စိစစ်ဖော်ထုတ်ခြင်းနှင့် အရေးယူခြင်းတို့ကို ထိရောက်စွာပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၃၀-၇-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် “လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်”နှင့်အညီ လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူ တစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့်ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် လူကုန်ကူးခံရသူများကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း၊ မိမိတို့၏ သဘောဆန္ဒအရသော်လည်းကောင်း၊ အခြားသောအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိ၍ ဘေးဒုက္ခကြုံတွေ့နေသော မြန်မာနိုင်ငံသားများ ဘေးမသီရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသည့် ထိခိုက်လွယ်အုပ်စုများကို စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊မိဘရပ်ထံပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စတုတ္ထ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်ငန်းကဏ္ဍ လေးရပ်ဖြစ်သော မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Policy and Coperation) ပါ လုပ်ငန်းစဉ် ၂၃ ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention) ပါ လုပ်ငန်းစဉ် ၁၆ ခု၊ တရားစွဲဆိုရေးကဏ္ဍ (Prosecution) ပါ လုပ်ငန်းစဉ် အခု ၂၀၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) ပါ လုပ်ငန်းစဉ် ၂၅ ခု တို့ကို ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များကို အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် အခမ္မခိုင်းစေမှုများ မခံရစေရေး တားဆီးကာကွယ်စောင့်ရှောက်ပေးခြင်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်စပ်ဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၆ ခုနှစ် ၁၄ ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ”** ဆိုသည့်အတိုင်း လူကုန်ကူးမှု၏ သားကောင်မဖြစ်စေရေးအတွက် လိမ်လည်ထောင်ချောက်ဆင် ကမ်းလှမ်းမှုများ၊ သတင်းအချက်အလက်များကို သေချာစွာစုံစမ်းလေ့လာပြီး လိမ်လည်လှည့်ဖြားသည့် ထောင်ချောက်များကို သတိပြုကာ မိသားစုနှင့်ပတ်ဝန်းကျင်ကို အသိပေးကာကွယ်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အတူတကွပူးပေါင်းပါဝင်ပြီး ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင် တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်နှင့် ၄၆ ကြိမ်မြောက် မဟာ၊ စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**တပ်ကုန်း စက်တင်ဘာ ၁၂**

ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်နှင့် ၄၆ ကြိမ်မြောက် မဟာ၊ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေအင်းရိပ်သာ စာသင်တိုက် ဦးစီးပဓာနနာယက မြို့နယ်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနေမိန္ဒ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေအင်းရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အထူးကြီးကြပ်ရေးအဖွဲ့ဆရာတော်များ၊ ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သောဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ သီလရှင်များ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယဂုဏ်ထူးဆောင် သံဃာတော်နှင့်သီလရှင်များ၊ဓမ္မာစရိယစာအောင် သံဃာတော်နှင့် သီလရှင်များ၊ ပထမပြန်ငယ်၊ လတ်၊ ကြီးစာအောင်သံဃာတော်နှင့် သီလရှင်များ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒါယကာ၊ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သီလရှင်ဆရာလေးတို့၏ ကိုယ်ရေးထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဩဝါဒါစရိယဆရာတော်များ၊ကြီးကြပ်ရေးဆရာတော်များ၊ ဘွဲ့ရဆရာတော်များ၊ ဓမ္မာစရိယနှင့် စာအောင် သံဃာတော်များ၊ သီလရှင်များအား ဘွဲ့တံဆိပ်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

---

**❍ ဂျူဒိုပြိုင်ပွဲမှ**

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂျပန်နိုင်ငံ KODO-KAN JUDO INSTITUDE က ပေးအပ်ချီးမြှင့်သည့် ခါးစီးဒန်ရရှိသည့် ဂျူဒိုအားကစားသမား ငါးဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား Nage-No-Kata ပြိုင်ပွဲ ပွဲစဉ်များ၊ အမျိုးသမီး Kata ပွဲစဉ်များ၊ တစ်ဦးချင်း အတိုက်ပွဲစဉ်များဖြစ်သည့် အမျိုးသား(-၆၆၊ -၅၅၊ -၉၀၊ -၆၀၊ -၇၃၊ -၈၁၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲများ၊ အမျိုးသမီး(-၄၅၊ -၆၃၊ -၇၀၊ +၇၈၊ -၄၈၊ -၅၂၊ -၅၇)ကီလိုတန်း ပြိုင်ပွဲများ၏ ပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အမျိုးသား(-၅၅၊ -၆၀၊ -၆၆၊ -၇၃၊ -၈၁၊ -၉၀၊ -၁၀၀၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး(-၄၅၊ -၄၈၊ -၅၂၊ -၅၇၊-၆၃၊ -၇၀၊ +၇၈)ကီလိုတန်း ပြိုင်ပွဲပတ်လည်ပွဲစဉ်များ၊ ရှုံးထွက် ပွဲစဉ်များ၊ တတိယလုပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသားအတိုက်ပြိုင်ပွဲ (-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထန်တန်ပုံ၊ တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဟိန်းတေဇနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဣဇက်၊ (-၁၀၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အောင်ပိုင်ခန့်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇင်မင်းခန့်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇေယျသိခ်၊(-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထိုက်ထိုက်ကျော်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ နိုင်ဟိန်းထက်၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဖွဲ့ဖွဲ့အောင်နှင့် ပူးတွဲတတိယဆုရရှိသည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝဏ္ဏထွန်း၊ (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ အောင်ဆက်ပိုင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ရွှေ၊ တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ဇော်ပိုင်ထွန်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ စိုးနေဦး၊ (-၇၃) ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ လရောင်ရှန်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေရှန်မိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ထူးအံ့လင်း၊ (-၈၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သန့်ဇင်ဝင်းအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ချမ်းကိုကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အောင်သန့်ကျော်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စိုင်းဟုန်ဝမ်းဆိုင်၊ (-၉၀)ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ခန့်စိုး၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ စထက်ဝေဖြိုး၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ မုန်ဒူအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သီဟ၊ (+၁၀၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇော်လင်းဖြိုး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ လင်းထက်ဦး၊ အမျိုးသမီး (-၄၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဆောင်ယုံ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဟန်နီလင်းလက်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန်းပပဇင်နှင့် ပူးတွဲတတိယဆုရရှိသည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ့်ဝတီစိုးနိုင်တို့ကိုလည်းကောင်း။

(-၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ မေဇင်ဖြိုး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယမင်းသူဇာလှိုင်နှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ပိုးပိုးအောင်၊ (-၅၂) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အိအိသဇင်ဇော်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဘန်တောမ်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ ဝင်းပြည့်ခိုင်နှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဇင်လင်းမို၊ (-၅၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နော်မြတ်နိုးရွှေစင်၊ တတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ထွေးထွေးအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ငွေအိမ်စံ၊ (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ထက်ထက်လင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ငုချယ်ရီဦး၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စန္ဒာဝင်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ပြည့်ဖူးသွယ်တို့ကိုလည်းကောင်း။

(-၇၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ တွယ်တာစိုး၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ မြတ်ပန်းနွယ်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ မေမြတ်မွန်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စံပယ်နှင်း၊ (+၇၈) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာန အသင်းမှ အေးအေးအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ နန်းသဲနုနုစံကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ယွန်းဝတီစိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ဝတ်ရည်ခိုင်၊ အမျိုးသား Nage-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာန အသင်းမှ လရောင်ရှန်နှင့် ကျော်ခန့်စိုးတို့အတွဲ၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းထက်ဦးနှင့် သျှန်ကောင်းဆက်ပိုင်တို့အတွဲ၊ တတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်နှင့် ဟိန်းဆက်တို့အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်နှင့် အောင်သန့်ကျော်တို့အတွဲတို့ကိုလည်းကောင်း။

အမျိုးသမီး Ju-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်နှင့် အိအိသဇင်ဇော်တို့အတွဲ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်နှင့် ဆုရတနာတို့အတွဲ၊ တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ယွန်းသံသာအေးနှင့် ဖြိုးသက်လွင်တို့အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ငုချယ်ရီဦးနှင့် ယမင်းသူဇာလှိုင်တို့အတွဲတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်တို့ကို Trophy၊ ငွေသားဆုများ၊ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များနှင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသား တံခွန်စိုက်တတိယဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို အမျိုးသားတံခွန်စိုက် တတိယဆုဖလားနှင့် ငွေသားဆုကျပ် သုံးသိန်းတို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် အမျိုးသားတံခွန်စိုက် ဒုတိယဆုဖလားရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို အမျိုးသားတံခွန်စိုက် ဒုတိယဆုဖလား၊ ငွေသားဆု ကျပ် ငါးသိန်းနှင့် ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်ငါးခု စုစုပေါင်း ဆုတံဆိပ် ၁၃ ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ပထမဆုဖလားရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းကို အမျိုးသားတံခွန်စိုက်ပထမဆုဖလားနှင့် ငွေသားဆု ကျပ် ၁၀ သိန်းတို့ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**◆ ဂုဏ်ပြုကြိုဆိုမှ**

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ ပန်းဖွားအကအလှဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# အေးသာယာမြို့၊ မော်ဘီမြို့နယ်၊ အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၅၄ ဦးတို့ကို ခွဲစိတ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ကျောင်းကြီးကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ကိုးပါး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၇ ဦးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းရှိ ရွှေအင်းဝသိပ္ပါလယ ဗိမာန်တော်ဓမ္မာရုံ၌ အဆိုပါကျောင်းတိုက်ရှိ သံဃာတော် ၁၁၄ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ





နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne(သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းလုပ်ငန်းများကို ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

# ဘုရားစေတီများနှင့် အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိဘုရား၊စေတီပုထိုးများ၊ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ပန်းခြံများနှင့်သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဘုရားစေတီများ၊ အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စုပေါင်းဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် အခြေခံပညာကျောင်း၌ နယ်မြေခံတပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ကျောင်းသူများကိုတပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ဘုရင့်နောင်)၊ အောင်သရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရိုးမရတနာ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Bright Golden Future ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်–





“ပထမတစ်ခေါက်လာရောက်လေ့လာတုန်းက ငယ်သေးတဲ့အတွက်ကြောင့် ဒီတိုင်းပဲသူငယ်ချင်းတွေနဲ့ပျော်ပျော်ပါးပါး ပတ်ကြည့်ပြီးတော့ပြန်သွားခဲ့တာပါ။ အခုတစ်ခေါက်ကျတော့ သေသေချာချာလေး လေ့လာဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးတွေနဲ့ ကြီးကြပ်ပေးတဲ့ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလိုလာရောက်လေ့လာရတဲ့အတွက်လဲ ဗဟုသုတတွေအများကြီး ရရှိလို့ ဝမ်းသာပျော်ရွှင်ကျေနပ်အားရမိပါတယ်။ မြန်မာနိုင်ငံကို အကျိုးပြုခဲ့တဲ့ သူရဲကောင်းတွေ၊အသုံးပြုခဲ့တဲ့ပစ္စည်းအကြောင်းတွေကို လေ့လာခွင့်ရတဲ့အတွက် စိတ်ထဲမှာပျော်ရွှင်ပါတယ်။ သိရှိခွင့်ရတဲ့အတွက်လဲ ကျေနပ်မိပါတယ်။ ကိုယ်ကိုယ်တိုင်ကလဲ မြန်မာနိုင်ငံကိုအကျိုးပြုတဲ့ သူတစ်ယောက်ဖြစ်ချင်ပါတယ်”ဟု ပြောသည်။

“လာရောက် လေ့လာရတဲ့အတွက် ပျော်ပါတယ်။ သူငယ်ချင်းတွေနဲ့ အတူတူလာရတဲ့အတွက်လဲပျော်ပါတယ်။ စာအုပ်ထဲမှာပဲ တွေ့မြင်ရတာမဟုတ်ပဲနဲ့ လက်တွေ့အပြင်မှာ တွေ့ရတာဖြစ်တဲ့အတွက်လဲ စိတ်လှုပ်ရှားမိပါတယ်။ အခုလိုမျိုး ကျောင်းသား၊ ကျောင်းသူတွေကိုလာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးတွေနဲ့ လိုက်လံစောင့်ရှောက်ပေးတဲ့ ဆရာ၊ ဆရာမတွေကိုလဲ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

❖ **သတင်းထုတ်ပြန်ချက်မှ**

၎င်းကိုနိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်(Dismissal)ခဲ့ပြီးဖြစ်သည်။

ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရပြီးဖြစ်သော်လည်း ကျော်မိုးထွန်းသည် နယူးယောက်မြို့ရှိ နိုင်ငံတော်ပိုင်အဖွဲ့ရုံးရှိ ရုံးခန်းနေရာ၊ ရုံးအကြီးအကဲနေအိမ်နှင့် နိုင်ငံတော်ပိုင် မော်တော်ယာဉ်စသည့် နိုင်ငံတော်ပိုင် ပစ္စည်းများကို ဆက်လက်အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထိ နယူးယောက်မြို့ Bank of America ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ဘဏ်ငွေစာရင်းတွင် နိုင်ငံပိုင်ဘဏ္ဍာငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ သန်းနှင့်ယူရို ၃၈၂၃၃ ဒသမ ၆၂ ကျန်ရှိကြောင်း သိရှိရသည်။ အဆိုပါ လက်ကျန်ဘဏ္ဍာငွေများကို နိုင်ငံတော်၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသုံးစွဲခြင်း၊ ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ သို့ပါ၍ ကျော်မိုးထွန်းအနေဖြင့် ဘဏ်တွင်ရှိသော နိုင်ငံပိုင်ဘဏ္ဍာငွေများကို မည်သည့်ခေါင်းစဉ်များဖြင့် သုံးစွဲထားသည်ကို အထောက်အထားများနှင့်တကွ ရှင်းလင်းရန် လိုအပ်မည်ဖြစ်သည်။

ထို့ပြင် ကျော်မိုးထွန်းသည် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် CRPH အဖွဲ့တို့နှင့် တိုက်ရိုက်ဆက်သွယ်ကာ ၎င်းတို့၏ သစ္စာခံကိုယ်စားလှယ်အဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂစင်မြင့်ကို အလွဲသုံးစားပြုကာ အွန်လိုင်းပေါ်တွင် ပုံရိပ်ယောင်တရားဝင်မှုပြသပြီး NUG အတွက် အလှူငွေကောက်ခံရန် ဝါဒဖြန့်လက်နက်တစ်ခုအဖြစ် လုပ်ဆောင်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း အပြစ်မဲ့ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် တရားမဝင် အကြမ်းဖက်လှုပ်ရှားမှုများကို နိုင်ငံတကာစင်မြင့်၌ ဖုံးကွယ်ကာကွယ်ပေးခြင်း၊ လှုံ့ဆော်အားပေးခြင်းတို့ဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်ကြံရာပါအဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အထက်ဖော်ပြပါ လုပ်ရပ်များနှင့်ပတ်သက်၍ ကျော်မိုးထွန်းကို နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၂)ဖြင့် ဒက္ခိဏခရိုင်တရားရုံးတွင် ရာဇဝတ်မှုအမှတ် (၃၂/၂၀၂၁) ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဝရမ်းထုတ်ဆင့်ထားရှိပြီးဖြစ်သည်။ ထို့ပြင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)နှင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က တို့အရ အရေးယူဆောင်ရွက်ထားရှိပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)တို့အရ ထပ်မံတရားစွဲဆိုပြီးဖြစ်သည်။

လက်ရှိတွင် ကျော်မိုးထွန်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ တို့အရ တရားခံပြေးအဖြစ်ကြေညာ၍ တရားရုံးအမိန့်များ ထုတ်ဆင့်ထားရှိပြီး INTERPOL နှင့် United States National Central Bureau (USNCB)တို့မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့်ပူးပေါင်းကာ အမေရိကန်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်အရေးယူနိုင်ရေး သံတမန်လမ်းကြောင်းမှ ဆက်လက်ဆောင်ရွက်ရန်ရှိသည်။

သို့ဖြစ်ပါ၍ ကျော်မိုးထွန်း၏ နိုင်ငံပိုင်ဘဏ္ဍာငွေနှင့် ပစ္စည်းများကို အလွဲသုံးစားပြုလုပ်မှု၊ တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် နိုင်ငံတော်ကိုယ်စားပြုခွင့်မရှိဘဲ ကုလသမဂ္ဂမျက်နှာစာကိုအသုံးပြု၍ လှုပ်ရှားဆောင်ရွက်နေမှုများကြောင့် ၎င်း၏ပုဂ္ဂိုလ်ရေးယုံကြည်ကိုးစားမှု (Credibility)နှင့် ကိုယ်စားပြုခွင့်အပေါ် မေးခွန်းထုတ်စရာ ဖြစ်ပေါ်လျက်ရှိသည်။ ကျော်မိုးထွန်းသည် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကိုယ်စားပြုမှုဆက်လက်ရရှိနေခြင်းမှာ တရားဝင်အသိအမှတ်ပြုခံရခြင်းမဟုတ်ဘဲ ခန့်အပ်လွှာစိစစ်ရေးကော်မတီ (Credentials Committee) ၏ ဆုံးဖြတ်ချက်ကို နှစ်စဉ်ဆိုင်းငံ့ထားခြင်း (Deferral)အပေါ်အခြေခံသည့် ယာယီအခြေအနေသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျော်မိုးထွန်းကို မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှု/တရားဝင် ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ရုပ်သိမ်းထားပြီးဖြစ်ပါကြောင်းနှင့် ၎င်း၏တရားမဝင် ထုတ်ပြန်ချက်များ၊ လှုံ့ဆော်မှုများသည် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ သဘောထားမဟုတ်ကြောင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် သံတမန်ဆက်ဆံရေးရှိသော အစိုးရများအားလုံးထံ လေးနက်စွာအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၁-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၉-၂၀၂၆ ရက်နေ့မှ ၁၆-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






နယ်မြေခံတပ်မတော်သားများက ရေဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

❑ **ဝေနိမြစ်ရေကာတာမှ**

ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဝေနိပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေနိပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

✱ **ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲမှ**

မြန်မာ-လာအို ချစ်ကြည်ရေးအသင်းက ကြီးမှူးကျင်းပသည့် U-18 အမျိုးသား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းက တာချီလိတ်မြို့ရန်အောင်မြေ ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာတပ်ဖွဲ့များဖြင့် တီးမှုတ်ဖျော်ဖြေ၍ အကပဒေသာများဖြင့် ကြိုဆိုကြပြီး နိုင်ငံတော်အလံကို အလေးပြု၍ နိုင်ငံတော်သီချင်းများကို သီဆိုကြသည်။

ထို့နောက် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌများဖြစ်သည့် ဦးဝင်းမောင်နှင့် Mr. Chanthavong တို့က အဖွင့်အမှာစကားပြောကြားကြပြီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များကို တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များမှ တိုင်းရင်းသူလေးများက လက်ဆောင် ပန်းစည်းများ ပေးအပ်ကြသည်။

ယင်းနောက် နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြရာ မြန်မာချစ်ကြည်ရေးဘောလုံးအသင်းက လာအိုချစ်ကြည်ရေးဘောလုံးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး Mr.Bounphieng Chanthavong၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်၊လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chanthavong နှင့် တာဝန်ရှိသူများက အနိုင်ရရှိသော မြန်မာချစ်ကြည်ရေးဘောလုံးအသင်းနှင့် ဒုတိယဆုရရှိသော လာအိုချစ်ကြည်ရေး ဘောလုံးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေ၊ ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်သူဝင်ငွေတိုး နိုင်ငံတော်ဖွံ့ဖြိုးစေမည့် ပဲပုပ်သီးနှံ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

ကမ္ဘာတစ်ဝန်းတွင် ပဲပုပ်ကို သီးနှံဘုရင်အဖြစ် သတ်မှတ်ကာ စီးပွားဖြစ် စိုက်ပျိုးနေကြသည်။ ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ကမ္ဘာ့ပဲပုပ်အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ထိပ်သီးနိုင်ငံများအဖြစ် ရပ်တည်နေကြကာ ၎င်းတို့မှထွက်ရှိသည့် ပဲပုပ်ပမာဏသည် ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ အာရှတိုက်တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အဓိကစိုက်ပျိုးကြသော်လည်း တရုတ်နိုင်ငံသည် ပြည်တွင်းစားသုံးမှုမြင့်မားသဖြင့် ကမ္ဘာ့ပဲပုပ်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်နေသည်။ ယခုအခါ ပဲပုပ်သည် လူသားတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီအပြင် တိရစ္ဆာန်အစာနှင့် ပဲပင်ပေါက်၊ တိုဟူး၊ ပဲငံပြာရည် စသည့်အာဟာရပြည့်အစားအစာများအတွက် မရှိမဖြစ်လိုအပ်သော ကုန်ကြမ်းဖြစ်လာသည်။ ထို့ကြောင့် ဈေးကွက်ဝယ်လိုအား အစဉ်တစိုက်မြင့်မားနေပြီး ကမ္ဘာ့စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါဆုံး စီးပွားဖြစ်သီးနှံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

**ပဲပုပ်စားသုံးမှု**

ပဲပုပ်ကို လူသားတို့စားသုံးရာတွင် တစ်ဦးနှင့်တစ်ဦး မတူညီသကဲ့သို့ ကမ္ဘာ့တစ်ဝန်းတွင်လည်း ပဲပုပ်စားသုံးမှုပုံစံ မတူညီဘဲ ကျယ်ကျယ်ပြန့်ပြန့် စားသုံးလျက်ရှိကြသည်။ ကမ္ဘာ့ဈေးကွက်တွင် ပဲပုပ်ကို တိုက်ရိုက်စားသုံးခြင်းထက် ပဲပုပ်ဆီအဖြစ်၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုက အဓိကဖြစ်သည်။ တရုတ်နိုင်ငံသည် မွေးမြူရေးကဏ္ဍနှင့် စားသုံးဆီအတွက် ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု၏ အများစုကို တင်သွင်းစားသုံးနေသည့် အကြီးဆုံးနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ပဲပုပ်ကို အစေ့လိုက်ပြုတ်စားခြင်း၊ လှော်စားခြင်းအပြင် ရှမ်းရိုးရာပဲပုပ်ချပ်၊ ပဲပုပ်ထောင်း၊ တိုဟူးနှင့် ပဲငံပြာရည်အဖြစ် နေ့စဉ်ဟင်းလျာများတွင် ပါဝင်နေသည်။ ကြက်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် ပဲပုပ်ဖတ် လိုအပ်ချက် အလွန်မြင့်မားနေပြီး ပဲပုပ်ဆီကိုလည်း ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီအဖြစ် ဝယ်ယူစားသုံးကြသည်။

**ပဲပုပ်ကြိတ်ခွဲထုတ်လုပ်မှု**

ပဲပုပ်ကြိတ်ခွဲထုတ်လုပ်မှုသည် ကမ္ဘာ့စားသောက်ကုန်နှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် အရေးပါသော ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ပဲပုပ်စေ့များကို စက်ရုံများတွင် အဆင့်ဆင့်သန့်စင်ပြီးနောက် ကြိတ်ခွဲထုတ်လုပ်ကြသည်။ ဤသို့ကြိတ်ခွဲခြင်းဖြင့် အဓိက ထွက်ကုန်နှစ်မျိုးဖြစ်သည့် ပဲပုပ်ဆီနှင့် ပဲပုပ်ဖတ်ကိုရရှိသည်။ ပဲပုပ်စေ့မှ ထွက်ရှိလာသော ဆီကိုသန့်စင်ပြီးနောက် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီအဖြစ်လည်းကောင်း၊ ဇီဝလောင်စာအဖြစ်လည်းကောင်း ထုတ်လုပ်ရောင်းချသည်။ ဆီကြိတ်ပြီး ကျန်သည့်ပဲဖတ်များသည် ပရိုတင်းဓာတ်အလွန်မြင့်မားသဖြင့် ကမ္ဘာ့တိရစ္ဆာန်အစာထုတ်လုပ်မှုအတွက် မရှိမဖြစ် အခြေခံကုန်ကြမ်းအဖြစ် အသုံးပြုသည်။

လက်ရှိတွင် တရုတ်၊ အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့သည် ကမ္ဘာ့အကြီးဆုံး ပဲပုပ်ကြိတ်ခွဲထုတ်လုပ်သည့် နိုင်ငံများဖြစ်ပြီး ပြည်တွင်းစားသုံးဆီလိုအပ်ချက်နှင့် မွေးမြူရေးကဏ္ဍတိုးတက်မှုများကြောင့် ကြိတ်ခွဲမှုပမာဏသည် နှစ်စဉ်မြင့်မားလျက်ရှိသည်။

**ပဲပုပ်ဈေးကွက်**

ပဲပုပ်သည် ကမ္ဘာ့လယ်ယာထွက်ကုန် ကုန်သွယ်မှုတွင် အရောင်းအဝယ်အဖြစ်ဆုံးနှင့် စီးပွားရေးအရ အကျိုးအမြတ်အများဆုံး သီးနှံများထဲတွင် ပါဝင်သည်။ ပဲပုပ်သည် အစေ့လိုက်သော်လည်းကောင်း၊ ကြိတ်ခွဲပြီး ပဲပုပ်ဆီနှင့် ပဲပုပ်ဖတ်အဖြစ်သော်လည်းကောင်း ကမ္ဘာ့ကုန်စည်ဒိုင်ကြီးများတွင် နေ့စဉ်အရောင်းအဝယ်ဖြစ်နေသည့် မဟာဗျူဟာမြောက်သီးနှံဖြစ်သည်။ ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုလမ်းကြောင်းသည် အဓိကထုတ်လုပ်သည့် ဘရာဇီး၊ အမေရိကန်မှ အဓိကဝယ်လိုအားရှိသည့် တရုတ်နိုင်ငံသို့ စီးဆင်းသည်။ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ၊ ဇီဝလောင်စာထုတ်လုပ်မှုများနှင့် တိရစ္ဆာန်အစာ လုပ်ငန်းတိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့ဈေးကွက်ဝယ်ယူမှု လျော့ကျသွားခြင်းမရှိဘဲ နှစ်စဉ်ဆက်တိုက်မြင့်မားနေသည်။



ပဲပုပ်ဆီနှင့် ပဲပုပ်စေ့ကို တွေ့ရစဉ်။

**စီးပွားရေးအရ အကျိုးအမြတ်ရရှိမှု**

ပဲပုပ်သည် အစေ့လိုက်ရောင်းချခြင်းထက် ဆီနှင့်တိရစ္ဆာန်အစာအဖြစ် ကြိတ်ခွဲထုတ်လုပ်နိုင်ပါက အဆမတန် အကျိုးအမြတ်ရရှိနိုင်သည်။ ပဲပုပ်ဖတ်သည် မွေးမြူရေးကဏ္ဍ၏ ပရိုတင်းအခြေခံ မရှိမဖြစ်ကုန်ကြမ်းဖြစ်သည်။ တောင်သူများအနေဖြင့် အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာသော အာမခံချက်ရှိခြင်း၊ မြေဆီလွှာကို နိုက်ထရိုဂျင်ဓာတ် ပြန်လည်ဖြည့်တင်းပေးသဖြင့် မြေဆီလွှာကောင်းမွန်စေပြီး နောက်သီးနှံအတွက် မြေဩဇာစရိတ်သက်သာစေခြင်းတို့ကြောင့် ရေရှည်တွင် အကျိုးအမြတ်များသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်အရ ပဲပုပ်နှင့် ပဲပုပ်ဖတ်ကို ပြည်ပမှ တင်သွင်းနေရသဖြင့် ပြည်တွင်းတွင် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးပြီး ကြိတ်ခွဲနိုင်ပါက ပြည်ပသွင်းကုန်အစားထိုးကာ အမြတ်အစွန်းများစွာရရှိနိုင်မည့် အလားအလာရှိသည်။

**တောင်သူဝင်ငွေတိုး**

ပဲပုပ်သည် အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် ပြည်တွင်း၌ တိရစ္ဆာန်အစာနှင့် စားသုံးဆီလုပ်ငန်းများအတွက် ခိုင်မာပြီးသေချာသော ဈေးကွက်ဝယ်လိုအားရှိနေသဖြင့် စိုက်ပျိုးသည့် တောင်သူများအတွက် ရောင်းတမ်းမဝင်မည်ကို စိုးရိမ်စရာမလိုဘဲ တိုးတက်သော ဝင်ငွေစီးကြောင်းကို ဖန်တီးပေးနိုင်သည်။ သို့ဖြစ်ရာ တောင်သူများ၏ လက်ငင်းဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးမြေ ရေရှည်တည်တံ့ရေးနှင့် နိုင်ငံတော်၏သွင်းကုန်အစားထိုး စီးပွားရေးကဏ္ဍတစ်ခုလုံး ဟန်ချက်ညီညီ တိုးတက်လာစေရန်အတွက် ပဲပုပ်စိုက်ပျိုးရေးသည် ကွင်းဆက်တစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်လာသည်။ ထို့ကြောင့် ပဲပုပ်သည် တောင်သူများအတွက် လက်ငင်းနှင့်ရေရှည်ကာလမှာ ဝင်ငွေတိုးတက်နိုင်သော သီးနှံဖြစ်သည်။

**နိုင်ငံတော်ဖွံ့ဖြိုး**

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပဲပုပ်သည် မရှိမဖြစ် လိုအပ်သော မဟာဗျူဟာမြောက်ကုန်ကြမ်းတစ်ခုဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းတိရစ္ဆာန်အစာထုတ်ကုမ္ပဏီများ၏ စုစုပေါင်းအစာထုတ်လုပ်မှုသည် တန်ချိန် ၂ ဒသမ ၁ သန်းကျော်ရှိခဲ့ရာ ၎င်းအစာများ ရောစပ်ထုတ်လုပ်ရန် ပဲပုပ်ကြိတ်ဖတ် လိုအပ်ချက် တန်ချိန် ငါးသိန်းခွဲထိရှိခဲ့သည်။ မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် နှစ်စဉ်မက်ထရစ်တန်ချိန် သုည ဒသမ ၆ သန်း တင်သွင်းနေရသည်။ ဤကိန်းဂဏန်းများသည် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်လည်ပတ်နိုင်ရန် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော ပရိုတင်းဓာတ်မြင့်မားသည့် အစာကုန်ကြမ်းသည်မည်မျှအရေးပါကြောင်း သက်သေပြနေသည်။

ထို့အတူ လက်ရှိတွင် မြန်မာနိုင်ငံ၏ စားသုံးဆီသုံးစွဲမှုပမာဏသည် တစ်နှစ်လျှင် ခန့်မှန်းခြေမက်ထရစ်တန်ချိန် ၁ ဒသမ ၁၇ သန်းထိရှိနေသည်။ သို့သော်လည်း ပြည်တွင်း၌ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် နှစ်စဉ်တန်ချိန် သုည ဒသမ ၆၉ သန်းခန့်ကို ပြည်ပမှတင်သွင်းနေရသည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်းကို ပြည်ပသွင်းကုန်အပေါ် မှီခိုနေရခြင်းဖြစ်သည်။ အဓိက တင်သွင်းနေရသည့် စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ မုန်ညင်းဆီ၊ သံလွင်ဆီနှင့် ပဲပုပ်ဆီတို့ဖြစ်သည်။

ပဲပုပ်ကြိတ်ဖတ်နှင့် ပဲပုပ်ဆီ တင်သွင်းမှုကို ထိရောက်စွာ လျှော့ချနိုင်ခြင်းသည် နိုင်ငံခြားငွေစီးဆင်းမှုကို တားဆီးပေးနိုင်ရုံသာမက နိုင်ငံတော်၏စီးပွားရေးကဏ္ဍစုံကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးမည့် ရေရှည်ဗျူဟာမြောက် အလှည့်အပြောင်းတစ်ခုဖြစ်သည်။

နှစ်စဉ် ပြည်ပမှ တင်သွင်းနေရသည့် စားသုံးဆီ ၅၈ ရာခိုင်နှုန်းအနက် ပဲပုပ်ဆီနှင့် မွေးမြူရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ် တန်ချိန် သုည ဒသမ ၆ သန်းတို့ကို ပြည်တွင်းဖြစ်ဖြင့် အစားထိုးနိုင်ပါက နိုင်ငံတော်အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်သည်။ ပဲပုပ်နှင့်ဆက်စပ်ထုတ်ကုန်များအတွက် နှစ်စဉ်ပြည်ပသို့ပေးချေနေရသည့် အမေရိကန်ဒေါ်လာသန်းချီသော နိုင်ငံခြားငွေများကို ပြည်တွင်း၌ပင် အပြည့်အဝ ထိန်းသိမ်းထားနိုင်မည်။ ပြည်ပသွင်းကုန်လိုလားချက် လျော့ကျသွားသဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်မည်။ ပြည်တွင်းထုတ် ပဲပုပ်ကြိတ်ဖတ်များကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူရရှိနိုင်မည်ဖြစ်၍ တိရစ္ဆာန်အစာစရိတ် လျော့ကျကာ အသား၊ ငါး၊ ဥ ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးလာမည်ဖြစ်သည်။ အရည်အသွေးမြင့်ပြီး သန့်ရှင်းလတ်ဆတ်သော ပြည်တွင်းဖြစ် ပဲပုပ်ဆီများကို စားသုံးခွင့်ရရှိသဖြင့် ပြည်သူများ၏ကျန်းမာရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ပဲပုပ်စိုက်ပျိုးရေးမှသည် ပြည်တွင်းဆီစက်များနှင့် တိရစ္ဆာန်အစာစက်ရုံများထိ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး အသက်ဝင်လာပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပဲပုပ်ကြိတ်ဖတ်နှင့် ပဲပုပ်ဆီတင်သွင်းမှုကို လျှော့ချနိုင်ရေးသည် သာမန်သီးနှံစိုက်ပျိုးမှုအဆင့်ထက်ကျော်လွန်ပြီး နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် ဘဏ္ဍာရေးကဏ္ဍများကို တစ်ပြိုင်နက်တည်း အရှိန်အဟုန်မြှင့်တိုးတက်စေမည်ဖြစ်သည်။

ပဲပုပ်ပင်၏ အမြစ်ဖုများတွင်ရှိသော ရိုင်ဇိုဘီယမ်ဘက်တီးရီးယားများသည် လေထုထဲမှ နိုက်ထရိုဂျင်ဓာတ်ကိုဖမ်းယူပြီး မြေဆီလွှာထဲသို့ အလိုအလျောက် ဖြည့်တင်းပေးသည်။ ပဲပုပ်စိုက်ပြီးသောမြေသည် သဘာဝအတိုင်း မြေဆီဩဇာထက်သန်လာသဖြင့် နောက်ထပ်စိုက်မည့် သီးနှံများအတွက် ကုန်ကျစရိတ်ကြီးလှသော ဓာတ်မြေဩဇာသုံးစွဲရမှုကို သိသိသာသာ လျှော့ချပေးနိုင်သည်။ ပဲပုပ်သည် အသား၊ ငါး၊ ဥများထက်ပင် ပရိုတင်းဓာတ်ပိုမိုမြင့်မားစွာပါဝင်ပြီး လူသားတို့ခန္ဓာကိုယ်အတွက် လိုအပ်သော အမိုင်နိုအက်ဆစ်များ ပြည့်စုံစွာပါရှိသည်။

ပဲပုပ်ဆီကို စားသုံးဆီအဖြစ်သာမက ကမ္ဘာ့လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်သည့် ဇီဝလောင်စာအဖြစ်ပါ ထုတ်လုပ်အသုံးပြုနိုင်သည်။ အိမ်သုတ်ဆေးများ၊ စက်မှုသုံးသုတ်ဆေးများ၊ ပလတ်စတစ်နှင့် မင်အမျိုးမျိုး ထုတ်လုပ်ရာတွင်လည်း ပတ်ဝန်းကျင်မပျက်စီးစေသည့် သဘာဝအခြေခံကုန်ကြမ်းအဖြစ် အသုံးပြုကြသည်။

ထို့ကြောင့် ပဲပုပ်သည် သာမန်ပဲစေ့လေးတစ်စေ့မဟုတ်ဘဲ တောင်သူများကို ဝင်ငွေတိုးစေခြင်း၊ စားသုံးသူမိသားစုကို ကျန်းမာစေခြင်း၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စေခြင်းနှင့် နိုင်ငံတော်၏စီးပွားရေးကို မြှင့်တင်ပေးနိုင်ခြင်းတည်းဟူသော ကဏ္ဍစုံအကျိုးကျေးဇူးများကို တစ်ပြိုင်နက်တည်း ပေးစွမ်းနိုင်သည့် သီးနှံဖြစ်သောကြောင့် တောင်သူဦးကြီးများအနေဖြင့် ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးကြရန် စေတနာဖြင့် တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**


- FAO (ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့) နှစ်ချုပ်အစီရင်ခံစာ Global Soybean Market Trends, Crushing Status, and Value Chain Reports.
- Farrelly Mitchell. (2025). Soybean: Summary Report: Global Soybean Market Analysis, Trends and Projections.
- မြဝတီသတင်းစာ (၂၄-၄-၂၀၂၅)၊ ပဲပုပ်ကို သီးထပ်အဖြစ် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စားသုံးဆီနှင့် တိရစ္ဆာန်အစာ တင်သွင်းမှုကို လျှော့ချလာနိုင်၊ ဆောင်းပါး။
- https://myawady.net.mm/paipupkiu-siithpaphc-ttiukhaiciukpiukhngphng-caasunchiinng-ttircchaanacaa-ttngsng-mukiu

# ချစ်စရာ့အရွယ် စာဖတ်မယ်

## မိုးပေါ်ပျံချင်တဲ့ ဖားကလေး

သားသား၊ မီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"မိုးပေါ်ပျံချင်တဲ့ ဖားကလေး"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ် ရေအိုင်ကြီးတစ်အိုင်ထဲမှာ ဖားကလေးတို့ဟာ အုပ်စုဖွဲ့ပြီးနေထိုင်ကြသတဲ့။ အဲဒီ ရေအိုင်ကြီးထဲမှာ သူတို့လိုပဲ ငါးကလေးတွေကလဲ ရှိနေပြန်သတဲ့ကွယ်။

တစ်နေ့မှာတော့ ရေအိုင်စပ်နားမှာ ဆော့ကစားနေတဲ့ငါးကလေးတစ်ကောင်ကို ဗျိုင်းတစ်ကောင်က နှုတ်သီးနဲ့ကိုက်ချီသွားတာကို ဖားကလေးတို့အုပ်စု မြင်တွေ့လိုက်ကြရသတဲ့ကွယ်။ ဗျိုင်းရဲ့နှုတ်သီးဖျား မှာလိုက်ပါသွားတဲ့ငါးကလေးဟာ အမြင့်ကို ရောက်လေလေကြောက်အားကြီးပြီး ရုန်းကန်နေ လေလေဖြစ်နေတာပေါ့ကွယ်။ အဲဒါကိုကြည့်နေကြ ရင်းနဲ့ ဖားကလေးတစ်ကောင်ဟာ သူ့စိတ်ထဲမှာ အတွေးတစ်ခုကို ရရှိလိုက်သတဲ့ကွယ်။

" အင်း ဒီငါးကလေးဟာ ရေထဲမှာပဲ အမြဲနေထိုင်နေရတော့ပျင်းနေရှာမှာ။ ဟော အခုကြည့်ပါအုံး။ အမြင့်ကို ထူးထူးဆန်းဆန်းပျံသန်းခွင့်ရတော့ အပျော်ကြီးပျော်နေရှာတာ။ သူ့လိုပဲ ငါလဲ အမြင့်မှာ ငှက်တွေလိုပျံသန်းဖူးချင်ပါဘိ "

ဖားကလေးတစ်ကောင်ဟာ သူ့ရဲ့အတွေးကြောင့်ပဲ နောက်နေ့ကစလို့ ရေစပ်နားမှာနေပြီး ဗျိုင်းတွေ အလာကိုထိုင်စောင့်နေတော့သတဲ့ကွယ်။ အစား အစာလဲမရှာဖွေ။ အပေါင်းအဖော်သူငယ်ချင်းတွေ ကိုလဲအဖက်မလုပ်ဘူး။ မိုးပေါ်ပျံသန်းရဖို့အရေးသာ စိတ်အားထက်သန်နေတော့သတဲ့ကွယ်။

အဲဒီလိုပြုမူနေတဲ့ဖားကလေးကို သူ့ရဲ့အပေါင်း အဖော်တွေက အတွေးမမှားဖို့လာရောက်တားမြစ် ကြတာပေါ့ကွယ်။

" မင်းတော့ ဒုက္ခရောက်တော့မယ်။ လာပါကွာ ငါတို့က ဖားသတ္တဝါတွေမဟုတ်လား။ ကိုယ့်ဓလေ့ ကိုယ့်ရိုးရာအတိုင်း နေထိုင်ပြုမူတာပဲကောင်းပါတယ်။ သဘာဝ တရားကြီးကို မလွန်ဆန်ချင်ပါနဲ့ကွာ "

ဖားကလေးအပေါင်းက ဘယ်လိုပင် တားမြစ်နေပေမဲ့ ဖားကလေးဟာ လက်မခံဘူးပေါ့။ သူ့ကိုလာရောက်ပြောဆိုနေတာဟာ သူတို့ထက် သာလွန်သွားမှာကြောက်လို့ တားမြစ်နေတာလို့ ထင်နေခဲ့တယ်။ ဖားကလေးအပေါင်းလဲ ပြောဆို တားမြစ်မရတဲ့အဆုံး စိတ်မကောင်းစွာနဲ့ပဲ နောက်ကိုပြန်လှည့်ပြီး မိမိတို့လုပ်စရာရှိတာတွေကို လုပ်ကိုင်နေခဲ့တော့သတဲ့ကွယ်။

ဖားကလေးတွေ နောက်ပြန်လှည့်သွားပြီး မကြာပါဘူး။ သစ်ပင်ထက်မှာနားနေပြီး စောင့်ကြည့် နေတဲ့ဗျိုင်းတစ်ကောင်ဟာ ရေစပ်နားက ဖားကလေး ရှိရာကိုရောက်လာတော့တယ်။ ဗျိုင်းဟာ ဖားကလေး အနားရောက်တယ်ဆိုရင်ပဲ ပျာပျာသလဲ နှုတ်သီးနဲ့ ကိုက်ဖမ်းလိုက်ပြီး အပေါ်ကိုပျံတက်သွားတော့တယ်။ ဗျိုင်းကလဲ သူလိုချင်တဲ့အစာကိုရတာနဲ့ သူလိုရာ ခရီးကို ပျံသန်းလာခဲ့တာပေါ့ကွယ်။



ဗျိုင်းရဲ့နှုတ်သီးဖျားမှာ လိုက်ပါသွားနေရင်း ဖားကလေးဟာ ရေကန်ကြီးကိုပြန်ပြီး ငုံ့ကြည့်လိုက် သေးတယ်။ ငုံ့ကြည့်နေရင်းနဲ့ သူဟာရေကန်ကြီးထဲက ဖားကလေးတွေကတော့ အခုလောက်ဆိုငါ့ကိုမြင်ပြီး အားကျနေလောက်ပြီဆိုကာ ကျိတ်ပြီးပျော်နေခဲ့ တာပေါ့ကွယ်။ ဝေဟင်ခရီးလမ်းကြီးကို နှုတ်သီးဖျား မှာနေပြီး လိုက်ပါနေရင်းက ဖားကလေးဟာ အပျော်ကြီးပျော်နေတာပေါ့။

ဒီလိုနဲ့ဗျိုင်းဟာ သစ်ပင်ကြီးတစ်ပင်ပေါ်လဲ ရောက်ကော သူကိုက်ချီလာတဲ့အစာကိုစားဖို့အတွက် အောက်ကိုခဏတာပစ်ချလိုက်သတဲ့ကွယ်။ ဖားကလေး ဟာ မြေပေါ်ကို နာကျင်မှုဝေဒနာတချို့ခံစားရင်း ပြုတ်ကျသွားတော့တယ်။ ဒါပေမဲ့လဲ ဖားကလေး ဟာ သူဖြစ်ချင်တဲ့ဆန္ဒကိုဖြည့်ဆည်းပေးတယ်ဆိုတဲ့ အမြင်နဲ့ ဗျိုင်းကိုကျေးဇူးတင်တဲ့အကြည့်လေးနဲ့ တုံ့ပြန်ကြည့်နေလိုက်တယ်။ မကြာပါဘူး ဗျိုင်းဟာ ဒေါသတကြီးဖြစ်လာကာ သူ့ရဲ့နှုတ်သီးချွန်ချွန်ကြီး နဲ့ ဖားကလေးကို ဇွတ်အတင်းထိုးဆိတ်လိုက် တော့သတဲ့ကွယ်။

ဖားကလေးဟာ နာကျင်မှုဝေဒနာတွေကို ခံစား နေရတာမို့ မလုပ်တော့ဖို့တောင်းဆိုလိုက်သတဲ့ကွယ်။

"အသင်ဗျိုင်း အသင်ဟာ ကျွန်ုပ်ကို ကောင်းကင်ကြီး ထဲ ထူးထူးဆန်းဆန်းပျံသန်းခွင့်ပေးလို့ ကျေးဇူးတင်ပါ တယ်။ ကျေးဇူးရှင်ကြီးရယ် ကျွန်ုပ်ကို ဘာလို့ရန်မူ နေရတာလဲ။ မလုပ်ပါနဲ့ဗျာ။ တောင်းပန်ပါတယ် "

ဗျိုင်းက ဖားကလေးရဲ့စကားကိုကြားတော့–

"မင်းက ငါ့ကိုကျေးဇူးတင်နေတာလား။ ငါက မင်းကိုကောင်းကင်ကြီးထဲမှာပျံသန်းပြီး ကိုက်ချီ လာတာက မင်းအသားကိုစားချင်လို့လေ။ ငါ့ရဲ့ အစာကို ငါကမစားဘဲပြန်လွှတ်စရာလား။စားရမှာ ပဲ ဖားကလေး "

အဲဒီလိုအပြန်အလှန်ပြောဆိုကြရင်းနဲ့ ဗျိုင်းဟာ ဖားကလေးရဲ့ခန္ဓာကိုယ်အနှံ့ကို ဆက်လက်ထိုးဆိတ် နေတော့တယ်။

ဖားကလေးဟာ မိမိကိုကိုက်ဖဲ့ပြီး ပါးစပ်ထဲကို ထိုးထည့်နေတာကို သိလိုက်ရတဲ့ချိန်မှာတော့ နောင်တတွေကြီးစွာရနေတော့တယ်။ မကြာခင် မိမိဟာ သေပွဲဝင်ရတော့မဲ့အရေးကိုလဲသိသွားတော့ တယ်။ နှုတ်သီးချွန်ချွန်ကြီးရဲ့ ကြမ်းကြမ်းတမ်းတမ်း ထိုးဆိတ်နေမှုတွေကြားက ဖားကလေးဟာ နောင်တ မျက်ရည်လေးတွေကျနေမိရင်းနဲ့ သူရဲ့အပေါင်း အဖော်တွေကိုအော်ခေါ်နေမိတယ်။ သဘာဝမဟုတ် တာကိုလွန်ဆန်ချင်ခဲ့မိတဲ့ မိမိရဲ့စိတ်ကူးအမှား တွေကြောင့် ဖားကလေးဟာ အကြိမ်ကြိမ်အခါခါ အော်မြည်နေပေမဲ့ နောက်ဆုံး ဗျိုင်းရဲ့ပါးစပ်ထဲမှာပဲ အသက်ဆုံးရှုံးခဲ့ရတော့တယ်။

သဘာဝမဟုတ်တာကို လုပ်ချင်ခဲ့မိလို့ အတတ်ကြုံးတဲ့ဖားကလေးရဲ့နိဂုံးကို ဘယ်ဖား ကလေးတွေကမှလဲ မကယ်တင်နိုင်ခဲ့ပါဘူး။ ဗျိုင်းက တော့အစာဝပြီမို့ အိပ်တန်းကိုပြန်သွားခဲ့တော့တယ်။ နောက်နေ့တွေမှာလဲ အတတ်ကြုံးချင်တဲ့ဖားကလေး တွေကို ကောင်းကင်ပေါ်မှာပျံသန်းနေပြီး အစာအဖြစ် ဖန်တီးဖို့ အားမွေးနေလိုက်တော့သတဲ့ကွယ်။

သားသား၊ မီးမီးတို့ရေ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ သားသား၊ မီးမီးတို့မှတ်ထားရမှာက ဒီပုံပြင်လေးထဲမှာ မိုးပေါ်ပျံချင်တဲ့ဖားကလေးဟာ မိမိအသက်အန္တရာယ်ကို မတွေးမိဘဲ မိမိဖြစ်ချင်တဲ့ ဆန္ဒကိုသာလုပ်သွားခဲ့တဲ့အတွက် ဗျိုင်းရဲ့အစာအဖြစ် အသက်ဆုံးရှုံးခါနီးမှာ နောင်တရကာ အပေါင်း အဖော်တွေရဲ့စကားကို ကြားယောင်နေတာတွေဟာ နောက်ကျခဲ့တဲ့ နှောင်းနောင်တတွေဖြစ်ရတာပေါ့ ကွယ်။ ဒါကြောင့် မလုပ်သင့်မလုပ်ထိုက်တာတွေကို မလုပ်ဖို့၊ မတွေးဖို့ မှတ်သားထားကြရမယ်နော်။

**လင်းနွေးအိမ်**

## စံပြမောင်မယ်များ

- ရိုးသားမှုကို အခြေခံ
  စိတ်ထားဖြောင့်မတ်မှန်၊
  ပညာသင်ရန် ရှေးရှုလျှက်
  ကျောင်းကိုမှန်မှန်တက်။

- နိုးကြားသွက်လက် အမြဲပင်
  ပျင်းရိစိတ်ရှောင်ကြဉ်၊
  ဖွဲလုံ့လယှဉ် နေထိုင်သွား
  စံပြမောင်မယ်များ။ ။



ရဲသွေးနီ(တက်ဝန်)

## မေမေပါးကသနပ်ခါး

- မေမေပါးလေးဖွေးဖွေးဖြူ
  ရနံ့မွှေးကြူကြူ။

- အပွေးထူထူသနပ်ခါး
  မေမေလိမ်းခြယ်ထား။

- ပါးကွက်ကျားနဲ့အမြဲနေ
  သားတို့ချစ်မေမေ။

- ကမ္ဘာမြေမှာအလှဆုံး
  မေမေရဲ့အပြုံး။
  သားသားမေမေအလှဆုံး။ ။



ကျောက်သင်ပုန်း

## ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၄၃၀၀ စိုက် ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာ လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပဲကြီးများ စိုက်ပျိုးနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲကြီးဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင် ရွက်ပေးသွားပါမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ် တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင် ရွက်ပေးသွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီးစိုက်ပျိုးမည့် တောင်သူများကို ပဲကြီးစိုက်ဧကများ တိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်း မွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီး ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဘုတလင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

## ကော့မှူးမြို့နယ် ပျားမွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ပျားမွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ် ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံ ကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းပေးဆပ် ရန်ကာလများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်း များက စီမံကိန်းစက်ဝန်းကာလ သတ်မှတ် ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၃၈ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံ ကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဝင်များက ပျားမွတ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ သန်း ထုတ်ချေး ပေးခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတင်ကိုလတ်ထံမှ သိရသည်။

**အထွေး**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်း စာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလို ရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)







## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ အလက(ခက်လန်း)ကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးပြည့်စုံအောင်(၉/နထက(နိုင်)၁၇၉၄၃၄) + မိခင် ဒေါ်မို့မို့ဝင်း(၉/နထက(နိုင်)၁၉၄၂၄၉)တို့၏သမီး မလဝန်း ပြည့်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၅-၂၀၁၉ ဖြစ်ပါကြောင်း။

၂၂-၅-၂၀၁၉

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ) မှိုင်းပန် ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မထက်မြတ်စံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနန်းမျိုးဦး** ဖြစ်ပါကြောင်း။

**ဦးနန်းမျိုးဦး(၉/တတဥ(နိုင်)၀၈၃၀၅၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အနောက်သာယာကုန်း ဥယျာဉ်တော်အုပ်စုနေ မောင်ကျော်မိုးလွင် (ဘ) ဦးမောင်မောင်နိုင် (၉/အမရ(နိုင်)၁၉၉၈၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-964441771**

## အမည်မှန်၊ မိခင်အမည်မှန်

တံတားဦးမြို့နယ်၊ တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မနှင်းဝတ်မှုန်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မနှင်းဝတ်မှုံ ဖြစ်ပြီး၊ မိခင် ဒေါ်စုလှိုင်မင်း၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်စုလှိုင်နှင်း** ဖြစ်ပါကြောင်း။**မနှင်းဝတ်မှုံ၊ ဒေါ်စုလှိုင်နှင်း(၁/ဗမန(နိုင်)၀၈၀၄၉၆)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကွက်သစ်နေ ဒေါ်ဖြိုးသီရိထွေး(၉/ကဆန(နိုင်)၁၂၆၅၁၇)၏သမီး မနွယ်နီလှိုင်(၉/ကဆန(နိုင်)၂၄၃၉၇၆)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ဖြိုးသီရိထွေး(၉/ကဆန(နိုင်)၁၂၆၅၁၇)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်အာကာလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်မင်းဆန်း** ဖြစ်ပါကြောင်း။

**ဦးကျော်မင်းဆန်း(၉/ကဆန(နိုင်)၁၄၇၆၄၃)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အနောက်သာယာကုန်း ဥယျာဉ်တော်အုပ်စုနေ မေမြတ်နိုးလွင် (ဘ)ဦးမောင်မောင်နိုင်(၉/အမရ(နိုင်)၁၉၉၈၄၇)၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-964441771**

## အမည်ပြောင်း

အမရပူရမြို့နယ်၊ ယဉ်တော်အခြေခံပညာမူလတန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းထွန်း၏သား မောင်မင်းခန့်ဇော်အား **မောင်မင်းခန့်အောင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်အောင်**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/က)၊ ဦးပိုင်အမှတ်(၃၀၂)၊ ဦးလှတင့်အမည်ပေါက်(အလျား ၃၀'-၀"xအနံ ၄၀'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်အေးအေးခိုင်(၈/ရစက(နိုင်)၁၈၂၈၈၄)ကိုင်ဆောင်သူမှ (အလျား၂၃'-၀"xအနံ၂၃'-၀")နံကပ် (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရပ်ကွက်(၁၁)၊ အောင်မြေအနောက်၊ သ၊ခ၊စ အကွက်အမှတ်(၅၁၄)၊ ၈၂ လမ်း၊ ၄၂ x ၄၁ လမ်းကြားနေ ဦးခင်မောင်တင့်(၉/မရတ(နိုင်)၀၅၃၂၇၃)နှင့် ဒေါ်သောင်းသောင်း(၅/ငဇန(နိုင်)၀၀၆၃၈၆)၏သမီး မအိအိဖြိုးတင့်(၉/မဟမ(နိုင်)၀၅၃၇၆၆)သည် မိဘများအား စိတ်ထိခိုက်စေအောင် အမျိုးမျိုးပြုလုပ်သောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ - ဦးခင်မောင်တင့်၊ ဒေါ်သောင်းသောင်း**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရွာထွန်းတိုက်တန်းနေ သက်ထွန်းဇော် (ဘ) ဦးအောင်ဆန်းသူ (၉/ခမစ(နိုင်)၀၉၆၁၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-791980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-958836770**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈/က)၊ ဦးပိုင်အမှတ်(၅၁)၊ ဒေါ်စန်းငွေအမည်ပေါက်(အလျား ၂၃'-၀"xအနံ ၆၀'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးအေးခိုင်(၈/ရစက(နိုင်)၀၅၂၄၆၁)ကိုင်ဆောင်သူမှ (အလျား ၁၇'-၀"xအနံ ၃၈'-၀")Iron Frame (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဖနောင်ပင်မြို့ရှိ Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော်အား ဖူးမြော်ကြည်ညို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်းမန်များကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သော ကျော်မိုးထွန်း၏ တရားမဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သော ကျော်မိုးထွန်း၏ တရားမဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်ပါအတိုင်း အသိပေးထုတ်ပြန်အပ်သည်။

ကျော်မိုးထွန်းသည် နိုင်ငံတော်က ပေးအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ သံတမန်ကျင့်ဝတ်ပျက်ယွင်းစွာ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊တရားမဝင်အဖွဲ့အစည်းများကို သစ္စာခံကိုယ်စားပြုလှုပ်ရှားခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ **စာမျက်နှာ ၂၇ ကော်လံ ၁ ❖**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော **စာမျက်နှာ ၂၄ ကော်လံ ၁ ◆**

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## ၂၀၂၆ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် အားကစားရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားတံခွန်စိုက်ပထမဆုဖလား ဆွတ်ခူး



**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၂၆ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲ၊ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (C)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အမျိုးသားတံခွန်စိုက်ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၂၄ ကော်လံ ၁ ❍**



## မြန်မာ-လာအို နှစ်နိုင်ငံ U-18 အမျိုးသားချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်၍ **စာမျက်နှာ ၂၇ ကော်လံ ၁ ✱**